မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၁)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရအောင် တစ်ပါး၊ မူလအဘိဓမ္မကောဝိဒအောင် တစ်ပါး၊ မူလအဘိဓမ္မိကအောင် တစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် လေးပါး၊ ဒီဃဘာဏကအောင် တစ်ပါး၊ ဝိနယကောဝိဒအောင် တစ်ပါး၊ ဝိနယဓရအောင် ၂၅ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် ခုနစ်ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် ၄၉ပါး စုစုပေါင်း စာအောင်သံဃာတော်အရှင်မြတ်အပါး ၉၀ တို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊

စာမျက်နှာ ၆ ကော်လံ ၁ ●

ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး အဘိဓမ္မာပထမပိုင်း သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မေ ၂၄ ရက်)

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး အခြေခံကဏ္ဍများဖြစ် သယံဇာတများ ရေရှည်အသုံးချနိုင်ရေး အလေးထားဆောင်ရွက်

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးကဏ္ဍများသည် အခြေခံအကျဆုံး ကဏ္ဍများဖြစ်ကြသည်။

လယ်ယာ၊သားငါး၊သစ်တောကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုလျက်ရှိပြီး တစ်နိုင်ငံလုံး ထုတ်ကုန်တန်ဖိုး၏ ၄၂ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံ၏ စိုက်ပျိုးနိုင်သည့် မြေဧရိယာဧက ၄၄သန်းကျော်ရှိပြီး အသားတင်စိုက်ပျိုးမြေဧက ၃၃ သန်းကျော်၌ သီးထပ်သီးညှပ် အပါအဝင် စုစုပေါင်း သီးနှံစိုက်ဧကသည် ၅၇ သန်းရှိသည်။ နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်ကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဆိုင်ရာ အခန်းကဏ္ဍများတွင် ရာသီဥတုကြောင့် ပြောင်းလဲမှု ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို မျှော်မှန်းပြီး ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးနှင့် အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရေးကို ကြိုတင်တွက်ဆထားကြရမည် ဖြစ်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ဧရိယာ တိုးချဲ့သည့်အပြင် သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရန်၊ မျိုးကောင်းမျိုးသန့် အသုံးချရန်၊ သီးနှံအရည်အသွေးမြင့်မားရန်၊ သီးနှံစိုက်စွမ်းအား မြင့်မားတိုးတက်ရန်တို့ကို ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ သဘာဝဝန်းကျင် ထာဝစဉ်တည်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောများမပြုန်းတီးရန်နှင့် ဂေဟစနစ်တည်ငြိမ်စေရန် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများအတွက် ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ အမျိုးသားဥယျာဉ်များ သတ်မှတ်တည်ထောင်ပေးခြင်း၊ ဘေးမဲ့တောများ သတ်မှတ်ကာကွယ်ပေးခြင်းတို့ကိုလည်း ဖော်ဆောင်ပေးလျက်ရှိသည်။

မွေးမြူရေးကဏ္ဍအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်ပြန့်ပွားရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်ဖြစ်ထွန်းရေး၊ ထွက်ကုန်များကို စနစ်တကျ ပြုပြင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးမပြုန်းတီးရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ ပြည့်စုံကြွယ်ဝသည့် စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးသယံဇာတများ ရေရှည်အသုံးချနိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများကပါ ဝိုင်းဝန်းအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်က ကျင်းပမည့် Healthy Environment, Healthy Children (ကျန်းမာပျော်ရွှင်ပတ်ဝန်းကျင်၊ ကျန်းမာပျော်ပါးကလေးများ) ဟောပြောပွဲကို မေ ၃၀ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာနမှူး ပါမောက္ခဒေါက်တာ ကြည်ကြည်သင်း၊ ပါမောက္ခဒေါက်တာဝါဝင်းထိုက်နှင့် တွဲဖက်ပါမောက္ခဒေါက်တာ ကြူကြူဝင်းတို့က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၄-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၂၆)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အချစ်ချိုချို**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၅၀)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၆)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၆)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေး၊ စစ်ကိုင်း၌ ဒေသခံများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့သည် မေ ၁၉ရက်က စစ်ကိုင်းမြို့ စက္ကူအလင်းပွဲတော်သို့ ရောက်ရှိကြပြီး မျက်စိဝေဒနာရှင်များအား မျက်စဉ်းခတ်ပေးခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်းများ ဆောင်ရွက်၍ ထမင်းဘူးများ လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးများသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးများသည် စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သောက်သုံးရေကန်ပြုပြင်ရန် ဘီလပ်မြေအိတ် ၁၀၀နှင့် ကျေးရွာမူလတန်းကျောင်းဆောက်လုပ်ရန် ဘီလပ်မြေအိတ် ၁၀၀တို့ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်အတွက် စာစောင်၊ ပြက္ခဒိန်များနှင့် ဘိုင်အိုဘက်ထရီများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးတို့၌ တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့်စပ်လျဉ်း၍ မေ ၁၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် +ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ထူးမြတ်တဲ့အလှူရှင်**တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၆:၅၀ အံ့ဖွယ်ထူးခြားကလောမဟာမုနိဆုတောင်းပြည့်နီးဘုရား
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၁၀)
၈:၃၀ Sunday Talk [မျိုးမြတ်သူ၊ ခင်မောင်ညို (ဘောဂဗေဒ)]
၉:၃၀ Sports World (Quiz)
၁၀:၀၀ အဝလွန်ခြင်းကိုရှောင်မှသာ သွယ်လျရှင်းကြော့ကျန်းမာမှာ
၁၀:၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ဆိတ်၊ သိုး မွေးမြူရေးနှင့် Export လုပ်ငန်း)
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၅၀ မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း
၁၁:၀၀ ဘဝများ (စိုးမြတ်မင်း)
၁၁:၂၀ ဟိုတယ်လမ်းညွှန် (Lucky Dragon Hotel)
၁၁:၃၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးသံပရာပေါင်းနှင့် ကြွေ့တီယိုခေါက်ဆွဲလိပ်)
၁၁:၅၀ ငါးမှပေးသောValue Artist
၁၂:၀၀ ဗီဒီယိုပြခန်း
၁၂:၂၅ Worlds of Knowledge (ကေရာဇ်ဘုရင်ရဲ့ ဂူဗိမာန်)
၁:၀၀ **ထူးမြတ်တဲ့အလှူရှင်**တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၁:၅၀ အံ့ဖွယ်ထူးခြားကလောမဟာမုနိဆုတောင်းပြည့်နီးဘုရား
၂:၀၀ MRTV-4 သတင်း
၂:၄၅ လှပကြော့ရှင်းပွဲတင့်စရာ စိုးစိုးဖက်ရှင်မှာ
၃:၀၀ စက်မှုလယ်ယာကြိုးပမ်းမှုပါ (Head feed Type Combine Harvester)
၃:၂၅ ထူးခြားဆန်းကြယ်သောတောအုပ်ကလေး
၃:၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
၄:၀၀ အဝလွန်ခြင်းကိုရှောင်မှသာ သွယ်လျရှင်းကြော့ကျန်းမာမှာ
၄:၂၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
၄:၃၅ လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ
၅:၀၀ MRTV-4 ကာတွန်းအစီအစဉ်
၅:၃၀ Sports World (Quiz)
၆:၀၀ MRTV-4 သတင်း
၆:၁၅ SundayTalk [မျိုးမြတ်သူ၊ ခင်မောင်ညို (ဘောဂဗေဒ)]
၇:၀၅ ဘဝများ (စိုးမြတ်မင်း)
၇:၂၅ VJ Choice
၈:၀၀ MRTV-4 သတင်း
၈:၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (အသစ်စက်စက် အစစ်သက်သက် စန္ဒရားလက်ရည်တက်ကလေးများ)
၈:၄၅ ဟိုတယ်လမ်းညွှန် (Lucky Dragon Hotel)
၉:၀၀ Sports World (Quiz)
၉:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ် Aston Villa Vs Newcastle (Live)
၁၁:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၁၀)
၁၁:၄၅ လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ
၁၂:၀၀ VJ Choice
၁၂:၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ဆိတ်၊ သိုးမွေးမြူရေးနှင့်Export လုပ်ငန်း)
၁၂:၄၅ တေးဂီတအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League (38) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Aston-Newcastle	ESPN (Live)
	Hull City-Man U	STAR SPORT (Live)
၁၁:၃၀	West Ham-Middlesbrough	STAR SPORT (SDD)
၁၁:၅၅	Sunderland-Chelsea	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	AC Milan-Roma	5-Cartoons (Live)

မြတ်စွာဗုဒ္ဓဟောဖော်ပြသည့် အတ္တဟိတ ပရဟိတ ပဋိပန္န စတုတ္ထပုဂ္ဂိုလ်မျိုးဖြစ်အောင် လုံ့လကြိုးကုတ်အားထုတ်

ရန်ကုန် မေ ၂၃

(၆၁)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသ ဖတ်ကြားတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်၏ သမ္မောဒနီယ သာရဏီယ သြဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(၆၁)ကြိမ်မြောက် တိပိဋကရေ ရွေးချယ် ရေးစာမေးပွဲ အောင်မြင်တော်မူကြသည့် တိပိဋကရေအလျာ သာသနာ့အာဇာနည် ဖြစ်တော်မူကြသော တိပိဋကရေအောင်၊ ဒီဃနိကာယကောဝိဒအောင်၊ ဝိနယရေအောင်၊ ဒီဃနိကာယဘာဏကအောင် စသော အရှင်မြတ် ၉၀ပါးတို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်စားစိတ်ထားရွှင်လန်းဝမ်းပန်းတသာ အခါမလပ် အမှတ်ရဖွယ် အောက်မေ့ဖွယ်ဖြစ်သော သမ္မောဒနီယ သာရဏီယ သြဝါဒကထာ အဖြစ်ဖြင့် အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အသုရဝဂ်၌ သံဂါယနာတင်ထားသော ခိပ္ပနိသန္တိသုတ်တော်ကို အကျဉ်းချုပ် မြန်မာဘာသာပြန်၍ မြွက်ကြားလိုပါသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရမဟာထေရ်၏ သမ္မောဒနီယ သာရဏီယသြဝါဒကထာကို ဥက္ကဋ္ဌဆရာတော်ကိုယ်စား အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသက ဖတ်ကြားတော်မူစဉ်။

(သတင်းစဉ်)

တိပိဋကရေအလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။

မြတ်စွာဘုရားသည် ခိပ္ပနိသန္တိသုတ်၌-

(၁) မိမိအကျိုးစီးပွားအလို့ငှာသာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာ မကျင့်သောပုဂ္ဂိုလ်၊
(၂) သူတစ်ပါးအကျိုးစီးပွားအလို့ငှာသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှာ မကျင့်သောပုဂ္ဂိုလ်၊
(၃) မိမိအကျိုးစီးပွားအလို့ငှာလည်းမကျင့် သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း မကျင့်သောပုဂ္ဂိုလ်၊
(၄) မိမိအကျိုးစီးပွားအလို့ငှာလည်းကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်းကျင့်သော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် လေးမျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင်-

(၁) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သောဉာဏ်ရှိ၏။ ကြားနာပြီးသောတရားတို့ကို ဆောင်နိုင်သောသဘောရှိ၏။ ဆောင်ထားသောတရားတို့၏အနက်ကို စူးစမ်းဆင်ခြင်လေ့ရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်ညီစွာလည်း ကျင့်၏။ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကား မပြည့်စုံ၊ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသဆောက်တည်စေခြင်းငှာ မစွမ်းနိုင်၊ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှာသာကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာ မကျင့်သူမည်ပါသည်။

တိပိဋကရေစာပွဲအောင်မြင် သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား။ ယခုကာလ၌ ပိဋကတ်တရားတော်များကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင်သင်ကြားပြီးနောက် သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြမည့် ရဟန်းသာမဏေငယ်များကို ပရိယတ်ကျမ်းဂန်များ သင်ကြားပို့ချမှုမပြုသောပုဂ္ဂိုလ်၊ ရဟန်းရှင်လူတို့အား သာသနာစစ်၊ သာသနာမှန်ကို သိနားလည်အောင် တရားတော်များကို မဟောကြားသောပုဂ္ဂိုလ်၊ ရဟန်းရှင်လူတို့ သာသနာတော်၏ အနှစ်သဖွယ်ဖြစ်သော အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် သင်ကြားပြသမှုမပြုသောပုဂ္ဂိုလ်၊ ပြည်တွင်းပြည်ပ ထေရဝါဒဗုဒ္ဓသာသနာတော် မထွန်းကားသေးသောဒေသများ၌ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို မပြုလုပ်သောပုဂ္ဂိုလ်များသည် ဤပဌမပုဂ္ဂိုလ်အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်ဘုရား။

(၂) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သောဉာဏ်မရှိ၊ ကြားနာပြီးသောတရားတို့ကို ဆောင်နိုင်သောသဘောမရှိ၊ ဆောင်ထားသောတရားတို့၏အနက်ကို စူးစမ်းဆင်ခြင်လေ့မရှိ၊ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာ ကျင့်လေ့မရှိ၊ ကောင်းသောစကား၊ ကောင်းသောအသံနှင့်ကား ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှာ စွမ်းနိုင်၏၊ ထိုသူသည် သူတစ်ပါးအကျိုးစီးပွားအလို့ငှာသာကျင့်၍ မိမိအကျိုးစီးပွားအလို့ငှာ မကျင့်သူ မည်ပါသည်။

အရှင်တို့ဘုရား။ ယခုကာလ၌ ပိဋကတ် တရားတော်များကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင် မသင်ကြားနိုင်သော် လည်း စကားပြောကောင်း၊ တရားဟောကောင်း၍ ရဟန်းရှင်လူများ အကျိုးစီးပွားဖြစ်ထွန်းအောင် မိမိတတ်သိသမျှ ဟောပြောပြသနေသော ပုဂ္ဂိုလ်များသည် ဤဒုတိယပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်ဘုရား။

(၃) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာသိမြင်နိုင်သောဉာဏ် မရှိ၊ ပါဠိအနက်ကိုသိ၍ တရားနှင့် လျော်စွာ ကျင့်လေ့မရှိ၊ ကောင်းသောစကား၊ ကောင်းသောအသံနှင့်လည်း မပြည့်စုံ။ သီတင်းသုံးဖော်တို့အား တရားကို သိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှာ မစွမ်းနိုင်။ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှာလည်းမကျင့်၊ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း မကျင့်သူမည်ပါသည်။

အရှင်တို့ဘုရား။ ယခုကာလ၌ ပိဋကတ်ကိုလည်း တတ်သိအောင် မသင်ကြား၊ စကားကိုလည်း သူတစ်ပါးနားဝင်အောင် မပြောတတ်၊ တရားလည်း မဟောတတ်၊ ရဟန်းရှင်လူတို့ အကျိုးစီးပွားဖြစ်ထွန်းအောင်လည်း မစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များသည် ဤတတိယပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်ဖွယ်ရှိပါသည်ဘုရား။

(၄) အကြင်သူသည် ကုသိုလ်တရားတို့၌ လျင်မြန်စွာ သိမြင်နိုင်သောဉာဏ်ရှိ၏။ ပါဠိအနက်ကိုသိ၍ တရားနှင့်လျော်စွာ ကျင့်လေ့ရှိ၏။ ကောင်းသောစကား၊ ကောင်းသော အသံနှင့်လည်း ပြည့်စုံ၏။ သီတင်းသုံးဖော်တို့အား တရားကိုသိမြင်အောင် ညွှန်ကြားပြသ ဆောက်တည်စေခြင်းငှာ စွမ်းနိုင်၏။ ထိုသူသည် မိမိအကျိုးစီးပွားအလို့ငှာလည်းကျင့်၍ သူတစ်ပါးအကျိုးစီးပွားအလို့ငှာလည်း ကျင့်သူ မည်ပါသည်။

အရှင်တို့ဘုရား။ ယခုကာလ၌ ပိဋကတ်တော်များကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင် သင်ကြားပြီးနောက် ထေရဝါဒဗုဒ္ဓမြတ်စွာ သာသနာတော်ကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြမည့် ရဟန်းသာမဏေငယ်များကို ပရိယတ်ကျမ်းဂန်များ သင်ကြားပို့ချသော ပုဂ္ဂိုလ်၊ ရဟန်းရှင်လူတို့အား သာသနာစစ်၊ သာသနာမှန်ကို သိနားလည်အောင် တရားတော်များကို ဟောကြားသော ပုဂ္ဂိုလ်၊ ရဟန်းရှင်လူတို့ သာသနာတော်၏ အနှစ်သာရဖြစ်သော အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် သင်ကြားပြသသော ပဋိပတ္တိသာသနာပြုပုဂ္ဂိုလ်၊ ပြည်တွင်းပြည်ပ ထေရဝါဒ ဗုဒ္ဓသာသနာတော် မထွန်းကားသေးသောဒေသတို့၌ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ပြုလုပ်နေကြသော ပုဂ္ဂိုလ်များသည် ဤစတုတ္ထပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်မည်ဖြစ်ပါသည်ဘုရား။

တိပိဋကရေစာပွဲအောင်မြင် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။ အရှင်မြတ်တို့လည်း ပိဋကတ်ကျမ်းဂန် အတန်တန်တို့ကို ထွန်းထွန်းပေါက်ပေါက် တတ်မြောက်အောင် သင်ယူလေ့ကျက် ဆောင်ရွက်မှတ်သားပွားများ ကြိုးကုတ်အားထုတ်တော်မူကြပြီးလျှင် ထေရဝါဒ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို တည်တံ့ပြန့်ပွား စည်ကားတိုးတက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြမည့် မျိုးဆက်သစ်ရဟန်း၊ သာမဏေငယ်များကို ပရိယတ်ကျမ်းဂန်များ သင်ကြားပို့ချတော်မူကြ၍လည်းကောင်း၊ ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့အား သာသနာစစ်၊ သာသနာမှန်ကို သိနားလည်အောင် တရားဓမ္မဟောပြတော်မူကြ၍လည်းကောင်း၊ ရဟန်းလူရှင် သူတော်စင်တို့ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သော ပဋိပတ်အကျင့်မှန်ကို ကျင့်သုံးဆောက်တည်နိုင်အောင် သင်ကြားပြသတော်မူကြ၍လည်းကောင်း၊ ပြည်တွင်းပြည်ပ ထေရဝါဒဗုဒ္ဓသာသနာတော် မထွန်းကားသေးသောဒေသတို့၌ ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားအောင် သာသနာပြုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ် ပြုလုပ်တော်မူကြ၍လည်းကောင်း၊ မြတ်စွာဗုဒ္ဓဟောပြအပ်သည့် ပုဂ္ဂိုလ်လေးမျိုးတို့အနက် စတုတ္ထပုဂ္ဂိုလ်မျိုးတွင်ပါဝင်သော သာသနာ့အာဇာနည် ဂုဏ်ရည်ထူးချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များဖြစ်တော်မူကြလိမ့်ဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ယုံကြည်ကိုးစား အားထားလျက်ရှိပါသည်ဘုရား။

သို့ဖြစ်၍ သာသနာ့အာဇာနည်အရှင်တို့ကလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ယုံကြည်ကိုးစား အားထားမျှော်လင့်နေသော မြတ်စွာဗုဒ္ဓဟောဖော်ပြသည့် အတ္တဟိတ ပရဟိတ ပဋိပန္န စတုတ္ထပုဂ္ဂိုလ်မျိုးဖြစ်အောင် လုံ့လကြိုးကုတ် အားထုတ်တော်မူကြပါ။ နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း ဤသို့သော ပုဂ္ဂလ ဝိသေသ သာသနာ့အာဇာနည် ဂုဏ်ရည်ထူးချွန် အရှင်မွန် အရှင်မြတ်တို့ မငြိုမငြင် မပင်မပန်း ရွှင်လန်းချမ်းမြေ့စွာ သာသနာပြုတော်မူနိုင်ကြရန် ပစ္စည်းလေးဖြာ ထောက်ပံ့ကာဖြင့် သာသနာပြုကုသိုလ်ထူးကို ဆည်းပူးအားထုတ်ကြပါဟု တိုက်တွန်းနှိုးဆော်လျက် သမ္မောဒနီယ သာရဏီယ သြဝါဒကထာကို ဤမျှပင် ကမွတ်ဖုံး၍ နိဂုံးအုပ်ပါသည် စာပွဲအောင်မြင် ထေရ်အရှင်တို့နှင့် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ **စည်းကမ်းလိုက်နာဘေးကင်းကွာ** ကျော်ရဲအောင်၊ ချစ်သူ၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်၊ ဧရာနှင့်အဖွဲ့ [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး-(ဝ/သ)]
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၈)
- ၁၂:၂၀ ၄။ Golf Magazine(TV)
- ၁၂:၃၅ ၅။ မြန်မာရုပ်ရှင် **နုနုငယ်ငယ်** ကျော်ဟိန်း၊ ဝင်းညွန့်၊ စန္ဒာ၊ ကြည်ကြည်ဌေး (ဒါရိုက်တာ-တင်အောင်မြင့်ဦး)
- ၁၄:၄၅ ၆။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Cup(2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် F.C နှင့် မကွေး F.C)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၃၀ ၄။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၅။ ကာတွန်းအစီအစဉ် **Pocket Dragon Adventure**
- ၆:၅၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **ပီယဆေး** ဒိန်းဒေါင်၊ ပိစိ၊ ချာလီ၊ ရာဇာပေါက်စီ (ဒါရိုက်တာ-ထင်လင်း)
- ၇:၁၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၁၆)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၁၀)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁၃)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ် (၁၉)ဖြန့်ချိ

ရန်ကုန် မေ ၂၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၉)၌ ထူးခြားဆန်းပြားဖြစ်ရပ်များနှင့် ခရီးသွားမြင်ကွင်းဖတ်လိုသူများအတွက် **မြန်မာပြည်တွင် စက်ဘီးစီးခရီးသွား၍ကောင်းသည်** Myanmar Discovery၊ စာပေရသခံစားလိုသူများအတွက် ဆရာသာဂဒိုး၏ **ညိုမြကွ ကျော်ငြိမ်းကွ(ဇာတ်သိမ်း)** Myanmar Channel၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် **အင်ဂျင်နီယာပုံဆွဲနည်းပညာ** Auto CAD၊ **ပြည်ပ၌သာမက ပြည်တွင်းတွင်လည်း လိုအပ်နှင့်** The Last Remnant **ဂိမ်းသုံးသပ်ချက်၊** Tech View ကဏ္ဍများနှင့်အတူ အလယ်တန်းအောင်ပြီးသူများ စင်ကာပူ A.Star ပညာသင်ဆုလျှောက်ထားရယူနိုင်ပြီ၊ ရာသီဥတု ပြောင်းလဲမှုအများဆုံး ၅၃နိုင်ငံတွင် မြန်မာပါဝင် သဘာဝပတ်ဝန်းကျင်အသိမြင့်တင်ပေးရန် လိုနေသေး၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မန္တလေးတိုင်းအတွင်း မြို့နယ်အချို့ ရေလွှမ်းမိုးမှုများရှိခဲ့၊ မော်တော်ကားထုတ်လုပ်သောလုပ်ငန်းများကို MIDC မှ ချေးငွေများထုတ်ချေးပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ **ရိုးရိုးသားသား စီးပွားရှာကြသူများ၊ ရွှေကောက်ပွဲနှင့် ဘဝတစ်ကွေ့မှ အတွေ့အကြုံ** ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရက်အိုဘားမားရေး၍ မြင့်နောင်မိုးဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၂၄)၊ ရှုကလီးယားလက်နက်ဟာ Kalashinkovs **လက်နက်မျိုး မဟုတ်ဘူး၊ ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ** ရုရှားက အမျိုးသားလုံခြုံရေး မဟာဗျူဟာသစ်ကို ခေတ်နှင့်အညီ မွမ်းမံပြင်၊ ခရီးသွားလုပ်ငန်းဆိုင်ရာတိုးမြှင့်ဆောင်ရွက်မှုအဖြစ် နှစ်သက်စွဲမက်ဖွယ်ရာ ဗီယက်နမ်အစီအစဉ်စတင်၊ ချစ်သူကိုသတ်၍ အပိုင်းပိုင်းဖြတ်ကာ ခရီးဆောင်သေတ္တာထဲထည့်ခဲ့သော ဘရာဇီးသား ထောင်ဒဏ် ၂၁နှစ်ပြစ်ဒဏ်ကျ၊ စီးပွားရေးကျဆင်းမှုကြောင့် အမျိုးသားများ စိတ်ကျန်းမာရေးပြဿနာနှင့်ကြုံတွေ့နေ၊ ညဘက်တွင်အိပ်ရေးဝဝအိပ်ခြင်းက ခန္ဓာကိုယ်ကျစ်လျစ်သွယ်လျစသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍ များစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

အသက် ၁၈ နှစ်အောက်အမျိုးသမီး ရေကူးပြိုင်ပွဲကျင်းပ၊ ဆုချီးမြှင့်

ရန်ကုန် မေ ၂၃

၂၀၀၉ ခုနှစ် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲကို ယနေ့နံနက် ရနာရီခွဲမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပသည်။

ဆုချီးမြှင့်

ပြိုင်ပွဲတွင် မီတာ ၄၀၀ အလွတ်ကူး၊ မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၅၀ အလွတ်ကူး၊ လိပ်ပြာကူး၊ ပက်လက်ကူးနှင့် ရင်ပေါင်တန်းကူး အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ၂၇ ပွဲ ကျင်းပပြုလုပ်ခဲ့ပြီး ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်စိုးဝတ်ရည်နှင့် ဒေါ်ခင်ဆွေမြင့်၊ ဥက္ကဋ္ဌဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးဇော်လင်းနှင့် ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူးဦးကျော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆုချီးမြှင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို ရေကူးအားကစားသမား ၅၈ ဦး ပါဝင်ယှဉ်ပြိုင်ပြီး United Pharma Co., Ltd. ကလည်း ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဆုရအားကစားသမားများအား Vicee Bio-Gesic နှင့် Revicon ဆေးဝါးများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လှူမိတ်ဆွေ

အာဖဂန်နစ္စတန်နိုင်ငံ တန်ဂါလန်ပြည်နယ် မြောက်ပိုင်းတွင် ရေဘေးဒုက္ခဒဏ် ခံစားခဲ့ရသူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရဟတ်ယာဉ်ပေါ်မှ သယ်ယူလာကြသည်ကို မေ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပဒုံးခွင်းဒုံးစနစ် ရုရှားတန်ပြန်ဆောင်ရွက်မည်

မော်စကို မေ ၂၃

ပိုလန်နိုင်ငံတွင် အမေရိကန် ပက်ထရီယော့ဒုံးခွင်းဒုံးစနစ် ထားရှိရေးအစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်လျှင် ရုရှားနိုင်ငံက ပိုလန်နိုင်ငံနှင့်ကပ်လျက် ရုရှား၏ နောက်ဆုံးပေါ်အစ္စကန်ဒါ ဒုံးပျံများကို ဖြန့်ကြက်ထားနိုင်ကြောင်း ရုရှားထိပ်တန်းအရာရှိတစ်ဦးက မေ ၂၁ရက်တွင် ပြောကြားသည်။

ဖြန့်ကြက်ချထား

ဥရောပတွင် ဒုံးကျည်ကာကွယ်ရေးစနစ် ချထားရန်စီစဉ်မှုကို ဆက်လုပ်ရေးမလုပ်ရေး အမေရိကန်သမ္မတအိုဘားမားက မည်သို့ပင် ဆုံးဖြတ်သည်ဖြစ်စေ ပိုလန်အစိုးရက ယခုနှစ်တွင် အမေရိကန် ပက်ထရီယော့ လေကြောင်းကာကွယ်ရေးဒုံးပျံများ ဖြန့်ကြက်ချထားလိုကြောင်း ပိုလန်ဒုတိယကာကွယ်ရေးဝန်ကြီး ကိုဗိုရီးစကီးက ရိုက်တာသို့ မေ ၁၈ရက်တွင် ပြောကြားသည်။

ဆန့်ကျင်

အမေရိကန်သမ္မတဟောင်းဘုရှ်၏ ဒုံးခွင်းဒုံးစနစ်ကို ရုရှားအစိုးရက ပြင်းထန်စွာ ဆန့်ကျင်ထားသည်။ ရုရှားက ၎င်း၏ လုံခြုံရေးကို ခြိမ်းခြောက်မှုအဖြစ် ထင်မြင်ယူဆသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ မကာအိုဒေသ၌ ရှေးဟောင်းကင်မရာနှင့် ဓာတ်ပုံပြပွဲတွင် ပြသထားသော ကမ္ဘာပေါ်၌ ပထမဆုံး တီထွင်ထုတ်လုပ်ထားခဲ့သည့် ကင်မရာကို မေ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ကမ္ဘာ့စက်သုံးဆီ သုံးစွဲမှုမြင့်တက်နေဆဲ

လန်ဒန် မေ ၂၃

ကမ္ဘာ့စက်သုံးဆီသုံးစွဲမှုသည် နိုင်ငံအသီးသီးတွင် တတ်စွမ်းသမျှလျှော့ချနေသော်လည်း ကမ္ဘာ့နိုင်ငံများ၏ စက်သုံးဆီသုံးစွဲမှုမှာ ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ စွမ်းအင်ပညာရှင်များက ပြောကြားသည်။

မျှော်မှန်းထား

ကမ္ဘာ့ရေနံစိမ်းသုံးစွဲမှုပမာဏ အချိုးအစားကိုကြည့်လျှင် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်က ရေနံစိမ်းတန်ချိန် ဘီလီယံ ၁၀၀အထိ သုံးစွဲခဲ့ရာ ယခုနှစ်၌ အဆိုပါနှုန်းထက် ပိုမိုသုံးစွဲမည်ဟု မျှော်မှန်းထားသည်။

ထို့အပြင်တစ်နှစ်အတွင်း စက်သုံးဆီထုတ်လုပ်မှုမှာ စက်သုံးဆီစည်ပေါင်း သန်း ၇၀၀ထက်မနည်း ထုတ်လုပ်လျက်ရှိသည်။ လာမည့်အနာဂတ်ကာလ၌ စက်သုံးဆီထုတ်လုပ်မှုပမာဏ ကျဆင်းလာမည်ဖြစ်ကြောင်း ယင်းမှာသဘာဝသယံဇာတ အရင်းအမြစ်များ ပြုန်းတီးမှုကြောင့်ဖြစ်ကြောင်း သိရသည်။ စက်သုံးဆီ တစ်စည်လျှင် ဂါလန်ပေါင်း ၄၂ ဂါလန်ပါဝင်ပြီး ရေနံစိမ်းတစ်စည်လျှင် ဝဒသမ၉တန်ကုဗမီတာဖြစ်သည်။ လာမည့် ဆယ်စုနှစ်အတွင်း စက်သုံးဆီထုတ်လုပ်မှု ကျဆင်းလာမည်ဖြစ်သည်။ (အင်တာနက်)

ကန်တပ်ဖွဲ့ဝင်သုံးဦးအား လူသတ်မှုဖြင့် စပိန်စွဲချက်တင်

မက်ဒရစ် မေ ၂၃

အီရတ်နိုင်ငံကို ကျူးကျော်စဉ်ကာလအတွင်း စပိန်ရုပ်မြင်သံကြား ဓာတ်ပုံသတင်းထောက်တစ်ဦးအား အမေရိကန်သံချပ်ကာကားဖြင့် စစ်ဝန်ထမ်းသုံးဦးက သတ်ဖြတ်ကြောင်း စပိန်တရားသူကြီးတစ်ဦးက မေ ၂၁ရက်တွင် စွဲချက်တင်လိုက်သည်။

သေဆုံး

သံချပ်ကာကားဖြင့် လိုက်ပါသူ တပ်ကြပ်ကြီး သောမတ်ဂစ်ထန်၊ ဗိုလ်ကြီး ဖိလစ်ဝူးဖော့၊ ဒုတိယဗိုလ်မှူးကြီး ဖီလ်ဒီကင်းတို့သည် ၂၀၀၃ခုနှစ် ဧပြီ ၈ ရက်က ဘဂ္ဂဒက်မြို့ ပါလက်စတိုင်းဟိုတယ်ကို အမြောက်ဖြင့်ပစ်သဖြင့် ရုပ်မြင်သံကြား ဓာတ်ပုံသတင်းထောက် ဟိုဆေးကူဆို သေဆုံးခဲ့ရသည်။

ကြေညာထား

ယင်းကိစ္စကို အမေရိကန် စစ်ဘက်က စုံစမ်းစစ်ဆေးစဉ် အမေရိကန်တပ်ဖွဲ့ဝင်များသည် နည်းလမ်းတကျ ဆောင်ရွက်ခြင်းသာဖြစ်သဖြင့် လွှဲပြောင်းပေးရန် မဖြစ်နိုင်ကြောင်း ကြေညာထားပြီး ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကန်တပ်ဖွဲ့ဝင်ဟောင်း လူသတ်မှုဖြင့် ထောင်ဒဏ်ချမှတ်ခံရ

လူဝစ္စဗီးလ် မေ ၂၃

၂၀၀၆ခုနှစ်က ဘဂ္ဂဒက်မြို့အနီး၌ အသက် (၁၄)နှစ်အရွယ် အီရတ်မိန်းကလေးတစ်ဦးကို အဓမ္မကျင့်ပြီး ထိုမိန်းကလေး၏ မိသားစုတစ်ခုလုံးကို သတ်ပစ်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ဟောင်း စတီဖင်ဂရင်း(၂၄)နှစ်အား တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံစေရန် အမေရိကန်ခုံရုံးက မေ ၂၁ရက်တွင် ဆုံးဖြတ်လိုက်သည်။

ကျူးကျော်

အီရတ်မိန်းကလေး၏ နေအိမ်သို့ ကျူးကျော်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးပါသည့်အုပ်စုတွင် စတီဖင်ဂရင်းသည် ခေါင်းဆောင်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန် ဟူးလက်ပက်ကာ နည်းပညာကုမ္ပဏီ ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်း ၂ရာခိုင်နှုန်း လျှော့ချမည်

နယူးယောက် မေ ၂၃

အမေရိကန်နိုင်ငံမှ နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဟူးလက်ပက်ကာ ကုမ္ပဏီသည် ဒုတိယသုံးလပတ်တွင် အမြတ်ရရှိမှုတစ်ဟုန်ထိုးကျဆင်းခဲ့ရာ လာမည့်လများအတွင်း ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်းအင်အား၏ ၂ရာခိုင်နှုန်းဖြစ်သည့် ဝန်ထမ်းပေါင်း ၆၄၀၀ကို လျှော့ချရမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် အကြီးအကျယ် လုပ်ငန်းလည်ပတ်နေသော ယင်းကုမ္ပဏီသည် ၂၀၀၉ခုနှစ် ဧပြီ ၃၀ရက်အထိ သုံးလတာကာလအတွင်း အမြတ် ၁၇ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ငွေကြေးပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ၇ ဘီလီယံသာ အမြတ်ရရှိခဲ့သည်ဟု ဆိုသည်။

ဆုံးဖြတ်ချက်ချ

ထိရောက်ပြီးတွက်ခြေကိုက်သော လုပ်ငန်းစနစ်ကို အသုံးပြုရန်နှင့် ကုမ္ပဏီ၏ ထောက်ပံ့မှုအနှောင်အဖွဲ့များကို ရှင်းလင်းလွယ်ကူစေရန် ကမ္ဘာတစ်ဝန်းရှိ ဝန်ထမ်းအင်အားကို ၂ရာခိုင်နှုန်း လျှော့ချရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံတိုင်ပင်ဆွေးနွေးပြီးနောက် လာမည့် ၁၂လအတွင်း ဝန်ထမ်းအင်အားလျှော့ချမှုကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ဒုတိယသုံးလပတ် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးရန် မေ ၁၉ရက်က ကျင်းပသော အစည်းအဝေးတွင် ယင်းကုမ္ပဏီက ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်သည်။

လျှော့ချရမည်

ဟူးလက်ပက်ကာကုမ္ပဏီသည် ကမ္ဘာတစ်ဝန်းတွင် ခန့်ထားသည့် ဝန်ထမ်းပေါင်း ၃၂၁၀၀၀ရှိပြီး ၎င်းပမာဏ၏ ၂ရာခိုင်နှုန်းကို အလုပ်တာဝန်မှ ရပ်စဲပါက ဝန်ထမ်း ၆၄၀၀ကျော်ကို လျှော့ချရမည်ဖြစ်သည်။ ယင်းကုမ္ပဏီသည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် အလားတူသုံးလပတ်က အမြတ်ငွေ ၂ဒသမ ၁ဘီလီယံရရှိခဲ့ရာမှ ယခုနှစ် ဒုတိယသုံးလပတ်ကာလအတွင်း အမြတ်ငွေ ၁ဒသမ၇ ဘီလီယံသို့ ထိုးကျသွားခဲ့သည်။

အမ်အင်န်အေ၊ပီတီအိုင်

တရုတ်နိုင်ငံ ကျန်စုပြည်နယ်တွင် ကျင်းပလျက်ရှိသည့် အချက်အပြုတ်ပွဲတော်၌ စားဖိုမှူးတစ်ဦး ဟင်းလျာပြင်ဆင်နေသည့်မြင်ကွင်းကို မေ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှု အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က မေ ၂၁ရက်တွင် ကြေညာသည်။

ဗုံးခွဲတိုက်ခိုက်

မေ ၂၁ရက် နံနက် ၁၀နာရီ မိနစ် ၄၀ခန့်က ဘဂ္ဂဒက်မြို့တွင်း ကင်းလှည့်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များအနီးတွင် ဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးသွားခြင်း ဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ယင်းကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟုလည်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် မေ၂၂ရက်က ရုပ်ရှင်ရုံတစ်ရုံ ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘရာဇီး၌ လေယာဉ်ပျက်ကျ၊ ၁၁ဦးသေဆုံး

ရီယိုဒီဂျနေးရိုး မေ ၂၃

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မေ ၂၂ရက် ညပိုင်းက လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ၁၁ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဘရာဇီးအရှေ့မြောက်ပိုင်းရှိ တန်ကိုဆိုးအပန်းဖြေစခန်းအနီး၌ ယင်းပုဂ္ဂလိကပိုင် လေယာဉ်ငယ်မှာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ဝန်ထမ်းသုံးဦးနှင့်လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည်ရှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ဆော်ပေါလိုသတင်းဝက်ဘ်ဆိုက်၌ ရေးသားဖော်ပြသည်။

ပျက်ကျ

ယင်းလေယာဉ်ငယ်မှာ ဆော်ပေါလိုမြို့မှ တန်ကိုဆိုးအပန်းဖြေစခန်းသို့ ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နှစ်နိုင်ငံသာသနာရေးဆိုင်ရာများ ဆွေးနွေး

ရန်ကုန် မေ ၂၃

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Newton Gunaratna သည် ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ)ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံသာသနာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စက်ချောဆီ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

PTT Public Company Limited (Thailand) နှင့် Myanmar Sole Distribution ဖြစ်သည့် Tunn Star Company Limited တို့ ပူးပေါင်း ကျင်းပသည့် PTT စက်ချောဆီ မိတ်ဆက် ပွဲနှင့် အထက်မြန်မာပြည် အရောင်းဆိုင် ကြီးများအား ဂုဏ်ပြုညစာ စားပွဲကို မေ ၁၄ရက် ညနေ၆နာရီက မန္တလေးမြို့ Oriental House Restaurant၌ ကျင်းပသည်။

ရှေးဦးစွာ Tunn Star Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် PTT Public Co.,Ltd. Commercial & International Marketing, Oil Business Group ၏ Executive Vice President Mr.Artasith Pothiapinyonvisuth တို့က ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ထို့နောက် အရောင်းကိုယ်စားလှယ် ကြီးများအား အမှတ်တရ ကံစမ်းမဲဖွင့်ပေးရာ Tunn Star Co.,Ltd Chairman ဦးထွန်းလွင်က ပထမဆုမော်တော်ဆိုင်ကယ် အသစ်တစ်စီး ရရှိသွားသည့် ဦးမောင်မောင် ကြင်(ဖားကန့်)၊ ဒုတိယဆု ရွှေဒင်္ဂါးပြား တစ်ကျပ်သားရရှိသွားသည့် ဦးယုကြိုင် (သမာဓိ)မန္တလေး **(အောက်ဝဲပုံ)**၊ တတိယဆု ရွှေဒင်္ဂါးငါးမူးသား ရရှိသွားသည့် ဦးတင် ထွန်း(မြကေသီ)မန္တလေး တို့အား ဆုချီးမြှင့် ပြီး ဆုမဲ ၂၃ဆုကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထိုင်းနိုင်ငံ ရေနံဓာတုကုမ္ပဏီကြီး ဖြစ်သည့် PTT Public Co.,Ltd. မှ ထုတ်လုပ်သော အရည်အသွေးစစ်မှန်ပြည့်ဝ သည့် PTT တံဆိပ် အဆင့်မြင့် ဓာတ်ဆီ၊ CNG ဒီဇယ်အင်ဂျင်သုံး စက်ချောဆီ အမျိုးမျိုး၊ စက်ရုံသုံး ဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ ကွန်ပရက်ဆာဆီ၊ အော်တိုဆီ၊ အမဲဆီ၊ မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင် နှင့် ရေယာဉ်အင်ဂျင်သုံးအထူး စက်ချောဆီ အမျိုးမျိုးတို့ကို မြန်မာပြည်၏ တစ်ဦးတည်း ကိုယ်စားလှယ် Tunn Star Co.,Ltd ဖုန်း-၂၉၄၇၀၁၊ ၂၉၄၇၀၂၊ ၂၉၄၇၀၄၊ ၂၉၈၁၀၃၊ ၂၉၈၁၂၄ က တာဝန်ယူ ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစီးရေလာကောင်းမွန်ရေး သန်လျင်၌ဆောင်ရွက်

ရန်ကုန် မေ ၂၃

သန်လျင်မြို့ပေါ်ရပ်ကွက် (၁၇)ရပ်ကွက်၏ အဓိက ရေဆိုးထုတ်မြောင်းမကြီး ဖြစ်သော ပေ ၄၀၀၀ခန့်ရှိ သီတာရေမြောင်း(၁)ကို ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မေ ၂၁ရက်က စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ရာသို့ ရန်ကုန်တောင်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ကွင်းဆင်းစစ်ဆေး ရာ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးဌေးအောင်၊ ရပ်မိရပ်ဖ ဦးမြင့်သိန်းနှင့် ဦးအေးကြူတို့က ရေစီးရေလာကောင်းမွန် ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

အသက်(၁၉)နှစ်အောက် မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်ဆုချီးမြှင့်

နေပြည်တော် မေ ၂၃

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေ ၉ရက် ညနေ ၃နာရီက ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်ကြည့်ရှု အားပေးပြီး ဆုရရှိသောအသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဝက်ရောဂါရှာဖွေစစ်ဆေးခြင်း ဓာတ်ခွဲခန်းသင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO) တို့ ပူးပေါင်း၍ ဝက်ရောဂါ ရှာဖွေစစ်ဆေးခြင်းဆိုင်ရာ ဓာတ်ခွဲခန်း လုပ်ငန်းသင်တန်းကို မေ ၂၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန် ရောဂါရှာဖွေရေး ဇီဝလုံခြုံမှု အဆင့်-၂ ဓာတ်ခွဲခန်း၌ ဖွင့်လှစ်ရာ မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှ ခေတ္တညွှန် ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး တက်ရောက် အမှာစကားပြောကြားသည်။

ဝက်ရောဂါ ရှာဖွေစစ်ဆေးခြင်းဆိုင်ရာ ဓာတ်ခွဲခန်းလုပ်ငန်း သင်တန်းဖွင့်ပွဲတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ကြီး တက်ရောက်အမှာစကားပြောကြားစဉ်။ (ဓာတ်ပုံ မွေး/ကု)

တက်ရောက်

အဆိုပါသင်တန်းသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရန်ကုန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းနှင့် ပြည်နယ်၊ တိုင်းအသီးသီးမှ ဓာတ်ခွဲခန်းလုပ်ငန်းတာဝန်ခံ ၂၀ တက် ရောက်ကြပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အကြီးတန်းပညာ ရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Murray Maclean နှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ပညာရှင်များက သမားရိုးကျ ဝက်ရောဂါများ၊ ဆန်းသစ်လာသည့် ဝက်ရောဂါများနှင့် စပ်လျဉ်းသည့် ရောဂါ စူးစမ်းထောက်လှမ်းခြင်း၊ ရောဂါနမူနာ ပစ္စည်းရယူခြင်း၊ ဓာတ်ခွဲခန်းစမ်းသပ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာနှင့် နည်းစဉ် များကို သင်ကြားပြသကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

လယ်ယာကဏ္ဍ စီမံကိန်းတာဝန်ပေးအပ်

ပွင့်ဖြူ မေ ၂၃

ပွင့်ဖြူမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် လယ်ယာကဏ္ဍ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၃ရက် နံနက် ၁၀နာရီက ပွင့်ဖြူမြို့ ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးက အမှာစကား ပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် ပွင့်ဖြူမြို့နယ်အတွင်း လယ်ယာကဏ္ဍ စီမံကိန်း ရည်မှန်းချက်များ အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာအုပ်စုအလိုက် စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးက တောင်မုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား ဦးသန်းကိုသို့ လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ကံစိန်က မြောက်မုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ဦးစိန်ဘထွေးသို့လည်းကောင်း ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်ချိုစည်ပင်သာယာ မြို့တွင်းလမ်းပြုပြင်

ရန်ကုန် မေ ၂၃

၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မူကြိုကျောင်း လမ်းနှင့် ဇီဝကလမ်းထောင့် တံတားပြုပြင် မွမ်းမံခြင်း လုပ်ငန်း ဆောင်ရွက်ရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်၊ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင် ဗိုလ်ဗိုလ်က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါတံတားမှာ အရှည် ပေ ၂၀၊ အကျယ် သုံးပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၂၂၅၅၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက် မည် ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အဘိဓမ္မာအရှေ့ပိုင်း အာဂုံအောင် မူလအဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ဝိစိတ္တာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်များ၊ စာမေးပွဲ ကြီးကြပ်ရေး စာထောက်စာမဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့ အာဇာနည်အရှင်မြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့်၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းနှင့်ခရိုင်များမှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ စာအောင်သံဃာတော် အရှင်မြတ်များ၏ တပည့် ဒါယကာ၊ ဒါယိကာမများ၊အလှူရှင်များနှင့်အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ချီးကျူးပူဇော်ပွဲ မင်္ဂလာအခမ်းအနား မစတင်မီ နံနက် ၇နာရီ မိနစ် ၅၀တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်များနှင့် စာအောင်သာသနာ့ အာဇာနည် သံဃာတော်များအား မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်းရှိ သံဃာစင်ပေါ်သို့ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်ကြရာ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သာသနာ့အလံတော်ကို ကိုင်ဆောင်၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အောင်သပြေစိုက်ငွေဖလားကိုပိုက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးဦးထွန်းဇော်မြင့်က နိုင်ငံတော် သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍ လည်းကောင်း နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်ကြသည်။

ပင့်ဆောင်

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဆောင်သည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်က တိပိဋကဓရ၊ တိပိဋကကောဝိဒဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ၊ တိပိဋက ကောဝိဒဆရာတော်များအားပင့်ဆောင်သည်။



သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားတွင် သာသနာရေး ဆိုင်ရာများကို လျှောက်ထားစဉ်။

(သတင်းစဉ်)

ပန်းမိုးရွာ

ဆက်လက်၍ ဦးစီးအရာရှိ ဦးမျိုးသူရက စာအောင်သံဃာများ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရအောင် သာသနာ့ အာဇာနည် တစ်ပါး၊ မူလအဘိဓမ္မကောဝိဒအောင် သာသနာ့အာဇာနည် တစ်ပါး၊ မူလအဘိဓမ္မိကအောင် သာသနာ့အာဇာနည် တစ်ပါး၊ ဒီဃနိကာယကောဝိဒအောင် သာသနာ့အာဇာနည် လေးပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည် တစ်ပါး၊ ဝိနယ ကောဝိဒအောင် သာသနာ့အာဇာနည်တစ်ပါး၊ဝိနယဓရအောင် သာသနာ့အာဇာနည် ၂၅ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင်သာသနာ့အာဇာနည် ခုနစ်ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့ အာဇာနည် ၄၉ပါး၊ စုစုပေါင်း သာသနာ့အာဇာနည် အရှင်မြတ်အပါး၉၀တို့အား ပင့်ဆောင်လာရာ စာပေလက်ထောက်(၁)ဦးအေးထွန်းက ပန်းမိုးရွာလျက် လိုက်ပါလာသည်။

ယင်းသို့ပင့်ဆောင်ချိန်တွင်နိုင်ငံတော်မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မပူဇာတေးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် အခမ်းအနားသို့ တက်ရောက်လာကြသည့်ပရိသတ်တို့ကလည်း ဆရာတော်၊ သံဃာတော်အရှင်မြတ်များအား ရှိသေညွတ်တွား လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ဒီဃနိကာယ်သဘော ရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ချမ်းအေးသာစံ မြို့နယ် မိုးကောင်းတိုက် သိန်းသန်းရတနာကျောင်းမှ အရှင်ဩသဓာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နံနက် ၈ နာရီတွင် (၆၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ဘုရားကန်တော့ဖွင့်လှစ်

ရှေးဦးစွာ ဆရာတော်၊ သံဃာတော် အရှင်မြတ်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြရာ နိုင်ငံတော် ရွှေတံဆိပ်ဆုများရှင် တေးသံရှင် အိအိချွန်က မင်္ဂလာစောင်းအဖွဲ့နှင့် တွဲဖက်၍ ရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီး လိုဏ်ဂူတော် ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈လုံးအား တစ်ပြိုင်တည်း ကိုးကြိမ်ထိုးခတ် ပူဇော်ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသောအဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋက ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဖတ်ကြား

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဇ မဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို ဥက္ကဋ္ဌ ဆရာတော်ကိုယ်စား အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဇ မဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသက ဖတ်ကြားတော်မူသည်။

(နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ဝိနည်း ဒုတိယပိုင်း သဘော ရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်တစ်ပါးအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားရာတွင် မြတ်စွာဘုရားရှင် ဟောမိန့်ကြားတော်မူခဲ့သော တရားအနှစ်၊ သာသနာ့အစစ်တို့မှာ သင်ကြားလေ့ကျက် မှတ်သားလိုက်နာရသော ပရိယတ္တိသာသနာတော်၊ ထိုပရိယတ္တိ သာသနာတော်မှ ညွှန်ပြသည့် ကျင့်စဉ်အတိုင်း လက်တွေ့လိုက်နာ ကျင့်ကြံ

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တိပိဋကရေ တိပိဋက ကောဝိဒ စာအောင်သံဃာတော် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

အားထုတ်ရသော ပဋိပတ္တိသာသနာတော်၊ ထိုပဋိပတ္တိသာသနာတော်၏ အကျိုးထိုးထွင်းသိမြင်ရရှိလာသည့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ပဋိဝေဓ သာသနာတော်ဟူ၍ သာသနာတော်မြတ်သုံးရပ်ရှိပါကြောင်း၊ ထိုသာသနာတော်သုံးရပ်စလုံး ထွန်းကား တိုးတက်ဆုံးနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်၌ ဝင့်ထည်နေသော တပည့်တော်တို့၏ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် ငါးသိန်းကျော်မျှသော ထေရ်ရှင်သံဃာတော်များသည် မူလဘူတအရင်းခံကျသည့် အရေးကြီးလှသော သုတ် ဝိနည်း အဘိဓမ္မာ ပရိယတ္တိဒေသနာတော်များကို ကြိုးစားနာခံ ကျက်အံကြကြည့် မှတ်သိ ဆည်းပူးကြပြီး ပရိယတ္တိဒေသနာတော်မှ ညွှန်ပြပေးသည့် ပဋိပတ္တိ သာသနာတော်မြတ်ကို လည်း အားထုတ်ကျင့်ကြံရင်း တိုးတက်ထွန်းကားအောင် ဆောင်ရွက်တော်မူနေကြပါကြောင်း။

မြတ်စွာဘုရားရှင်က သူတော်ကောင်းတရား တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပရန်ဖြစ်သော တရားငါးမျိုးတို့ကို အင်္ဂုတ္တိုရ် ပါဠိတော် သဒ္ဓမ္မဝဂ်၊ ပဌမသဒ္ဓမ္မ သမ္မောသ သုတ်တွင် ဟောမိန့်ကြားတော်မူခဲ့ပါကြောင်း။

တရားကို ရိုသေစွာ နာကုန်၏။ တရားကို ရိုသေစွာသင်ကုန်၏။ တရားကို ရိုသေစွာ ဆောင်ကုန်၏။ ဆောင်ထားသော တရားတို့၏အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဉာဏ်ဖြင့်စူးစမ်းဆင်ခြင်ကုန်၏။ အနက်သဘောကို သိ၍၊ တရားသဘောကိုသိ၍ (လောကုတ္တရာ) တရားအား လျော်သော အကျင့်ကို ရိုသေစွာ ကျင့်ကုန်၏ဟူသော တရားငါးမျိုးနှင့် ပြည့်စုံပါလျှင် ထွတ်မြတ်သုံးဖြာ သာသနာတော်မြတ်ကြီးသည် စည်ပင်တိုးတက် မြင့်သည်ထက်မြင့်မည်သာ ဖြစ်ပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တိပိဋကရေ တိပိဋက ကောဝိဒ စာအောင် သံဃာတော်အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး တိပိဋကရေ တိပိဋကကောဝိဒ စာအောင် သံဃာတော်အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

တိုးတက်စည်ပင်

ဘုရားရှင်၏ကိုယ်စားတော်အဖြစ် လိုက်နာကျင့်ကြံရမည့် အမြိုက်အနှစ်တရားများ စုပေါင်းထားသည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် သာသနာတော်မြတ်ကြီး သန့်ရှင်း ခိုင်ကြည်စွဲမြဲ တည်ရှိရေး၊ ဝေစည်ပြန့်ပွားထွန်းကားစေရေးတို့အတွက် မဆုတ်မနစ်အားအသစ်သစ်တို့ဖြင့် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူကြသည့် ထေရ်အရှင် သံဃာတော်များသည် တရားတော်ကိုရိုသေစွာနာယူသင်ကြားဆောင်ထားလိုက်နာ လေ့လာဆင်ခြင်အနက်ထင်သည်အထိကြိုးစားဆောင်ယူကျင့်ကြံပွားများကြပြီး ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ဝဝန်တာ ဆောင်ရွက်ဖွယ်ရာတို့ကို ဆန္ဒ ဝီရိယ သတိ ပညာ စသည့် သန်မာသော အားအစွမ်းတို့ဖြင့် ကြိုးပမ်းအားထုတ်ကြပါလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည် ရောင်ရှိန်ဝင်းလက် တိုးတက်စည်ပင်နေမည်သာ ဖြစ်ပါကြောင်း။

ဘုရားတပည့်တော်တို့၏နိုင်ငံတော်ကြီး၌ ပရိယတ္တိ သာသနာတော်မြတ်ကြီးကို အထူးအလေးထား ပူဇော်လျက်ရှိရာ အထူးသဖြင့် တိပိဋကရေ တိပိဋက ကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ၁၉၄၈ခုနှစ်ကစ၍ ကျင်းပခဲ့ပြီး သာသနာ့အာဇာနည် မထေရ်မြတ်များကို ရွေးချယ်ဖော်ထုတ် ပူဇော်ခဲ့ပါကြောင်း၊ သာသနာ့ အာဇာနည် လောင်းလျာများသည် အာဂမ၊ သဘာဝ နှစ်ဝစွမ်းရည် ပါရမီအထူးရှိကြသော အရှင်မြတ်များဖြစ်ပါကြောင်း၊ တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသည် အဆင့်မြင့်ဆုံးနှင့် ခက်ခဲ နက်နဲဆုံးသော စာမေးပွဲကြီး ဖြစ်ပါကြောင်း၊ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့်ပြည့်စုံသော သာသနာ့အာဇာနည် လောင်းလျာများသည် ၃၃ရက်တိုင်တိုင် ဖြေဆိုကြရ၍ ဝိနည်း၊ သုတ်၊ အဘိဓမ္မာ၊ ပိဋကသုံးပုံ ပါဠိတော် သင်ရိုးကျမ်းစာအုပ်ပေါင်း ၂၀မှ စာမျက်နှာပေါင်း ၈၀၂၆ ကို အထစ်အငေါ့မရှိ အဆင့်ဆင့် အာဂုံပြန်ဆိုအောင်မြင်ပြီးမှသာ တိပိဋကရေဘွဲ့ကို ခံယူရရှိတော်မူနိုင်ပါကြောင်း။

ဉာဏ်ပညာထူးခြားမှု

တစ်ဖန် ပိဋကသုံးပုံ ပါဠိတော်အုပ်ရေ ၂၀နှင့်တကွ ယင်းကျမ်းစာများ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ဋီကာ၊အနုဋီကာ၊နိဿယ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ အစရှိသော ကျမ်းစာအုပ်ပေါင်း၁၀၀ကျော်မှ ခဲရာခဲဆစ် အဓိပ္ပာယ်များကို သဘောရေးဖြေ စာမေးပွဲအောင်မြင်ပြီးမှသာ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ် လှူဒါန်းပါကြောင်း၊ ဆရာတော်များ သိတော်မူကြသည့်အတိုင်း တိပိဋကရေ တိပိဋက ကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်များ၏ ဘုန်းကံပါရမီ ဉာဏ်ပညာထူးခြားမှုများမှာ အံ့မခန်းအောင်ပင် ဖြစ်ပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တိပိဋကရေ တိပိဋက ကောဝိဒ စာအောင် သံဃာတော်အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

(၆၁)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၇၀ပြည့်နှစ် နတ်တော်လပြည့်ကျော်၂ရက်(၁၄-၁၂-၂၀၀၈) မှ ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ ရက် (၁၃-၁-၂၀၀၉)ရက်အထိ ကျင်းပခဲ့ရာ အာဂုံပြန်နှင့် သဘောရေးဖြေ အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်များမှာ တိပိဋကရေ၊ ပိဋကသုံးပုံ အာဂုံအောင် တစ်ပါး၊ မူလ အဘိဓမ္မကောဝိဒ၊ ပိဋကနှစ်ပုံခွဲ ရေးဖြေအောင် တစ်ပါး၊မူလအဘိဓမ္မိက၊ပိဋကနှစ်ပုံခွဲ အာဂုံအောင်တစ်ပါး၊ ဒီဃ နိကာယ ကောဝိဒ၊ပိဋကနှစ်ပုံ ရေးဖြေ အောင် လေးပါး၊ ဒီဃဘာဏက၊ ပိဋကနှစ်ပုံ အာဂုံအောင်တစ်ပါး၊ ဝိနယ ကောဝိဒ၊ ပိဋကတစ်ပုံ ရေးဖြေအောင် တစ်ပါး၊ ဝိနယဓရ၊ပိဋကတ်တစ်ပုံ အာဂုံအောင် ၂၅ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒ၊ ဝိနည်းရှေ့ပိုင်း ရေး ဖြေအောင် ခုနစ်ပါး၊ဥဘတောဝိဘင်္ဂရေ၊ဝိနည်းရှေ့ပိုင်း အာဂုံအောင် ၄၉ပါး၊ စုစုပေါင်း သာသနာ့အာဇာနည်အရှင်မြတ်အပါး၉၀ တို့အောင်မြင်တော်မူခဲ့ကြပါကြောင်း။

မြတ်စွာဘုရားရှင်၏သာသနာတော်မြတ် သုံးရပ်ကို မှတ်သားလိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူကြ၍ သာသနာ့တာဝန်များကို လုံ့လအားတက်အစဉ်အဆက်ထမ်းရွက်တော်မူလာကြသော သံဃာထေရ်ရှင်တို့သည် တရားကို ဆောင်ထားသော ဓမ္မဓရအရှင်မြတ်များပင် ဖြစ်ပါကြောင်း၊ မြတ်စွာဘုရားရှင်က စုန္ဒမထေရ်အား ဒီဃနိကာယ်၊ သမ္ပသာဒနိယသုတ်တွင် "ပရိယတ္တိအရာမှာ ဗဟုသုတနှင့်ပြည့်စုံသော အရှင်မြတ်များကို ချီးမွမ်းကြ၊ ပူဇော်ကြ" ဟူ၍ ဟောကြားတော်မူခဲ့ပါကြောင်း။

ကြိုးပမ်းထမ်းဆောင်

နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများသည် သာသနာတော်၌ အခြေခံကျသော ဂန္ထဓုရ သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ အားထုတ် ဆောင်ရွက်တော်မူနေကြသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးအရှင်မြတ်များကို စဉ်ဆက်မပြတ် လှူဒါန်းချီးမြှောက် ပူဇော်ခွင့်ရရှိနေခြင်းသည် အလွန်တရာ ထူးကဲလှသော သာသနာပြု ကုသိုလ်ထူးကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိနေခြင်းပင် ဖြစ်ပါကြောင်း၊ သာသနာတော်မြတ်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက်ဆရာဒကာညီညာလက်ရောက်ရှေ့နောက်မကွာ ဆောင်ရွက်ရာတွင် ပစ္စယဓမ္မာနှစ်ဖြာ နုဂ္ဂဟ ထူးလှစွာသော မဟာကုသိုလ် ပန်းခိုင်ကို လှမ်းကိုင်ရဲရက် အားတက် ကြိုးပမ်းထမ်းဆောင်နေခြင်းပင်ဖြစ်ပါကြောင်း။

ဤကဲ့သို့အားဖြင့်ဆရာဒကာများစွာရှင်လူ လှူဒါန်းချီးမြှောက် ထောက်ပံ့ကုသိုလ် များထိုထိုကြောင့် ချမ်းမြကြည်သာ ပြည်မြန်မာနှင့် သာသနာရောင်ရှိန် ထွန်းထိန်လင်းလက် ဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုရား တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

စာမျက်နှာ ၈ ကော်လံ ၁

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ဝိနည်းဒုတိယပိုင်း အာဂုံအောင် ဝိနယဓရဘွဲ့တံဆိပ်တော်ရအရှင်မြတ်တစ်ပါးအားဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်ကိုဆက်ကပ်စဉ်။ (သတင်းစဉ်)

24-5 (07).pmd 1 5/24/2009, 3:01 AM

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့နောက် တိပိဋက ရွေးချယ်ရေး စာမေးပွဲအောင် သာသနာ့ အာဇာနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံ မြို့နယ် တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒတို့အား ဘွဲ့တံဆိပ်တော် နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းကွန်း တိပိဋက နိကာယကျောင်းတိုက်မှ အရှင်ဝိလာသတို့အား ဘွဲ့တံဆိပ် တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။ အောင်လက်မှတ်များကို ဆက်ကပ် သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ဝိနည်း ဒုတိယပိုင်း သဘော ရေးဖြေအောင် ဝိနယ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်တစ်ပါး နှင့် ဝိနည်း ဒုတိယပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင် မြတ်တစ်ပါးတို့အား ဘွဲ့တံဆိပ် တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်

ယင်းနောက် ကာကွယ်ရေးဦးစီး ချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်းက ဝိနည်း ဒုတိယပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင် မြတ် သုံးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ဝိနည်း ဒုတိယပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် နှစ်ပါး တို့အားလည်းကောင်း၊ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဝိနည်း ဒုတိယပိုင်း အာဂုံ အောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ငါးပါးတို့အား လည်း ကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်က ဝိနည်းဒုတိယ ပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့ တံဆိပ်တော်ရ အရှင်မြတ်ငါးပါးတို့ အား လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဝိနည်း ဒုတိယပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင် မြတ် သုံးပါးတို့အား လည်း ကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်က ဝိနည်း ဒုတိယပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင် မြတ် သုံးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က ဝိနည်း ဒုတိယပိုင်း အာဂုံအောင် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါး တို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် က ဝိနည်းပထမပိုင်း သဘော ရေး ဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါး တို့အားလည်းကောင်း၊ ဘွဲ့တံဆိပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်မြတ်များ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်မြတ်များ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

မှတ်တို့ကို ဆက်ကပ်ကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပိဋကသုံးပုံ အာဂုံ အောင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋက ကျောင်းတော်မှ အရှင်ဝီရိယာနန္ဒနှင့် အဘိဓမ္မာပထမပိုင်း သဘောရေးဖြေ အောင် မူလအဘိဓမ္မ ကောဝိဒ

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဘိ ဓမ္မာ အရှေ့ပိုင်း အာဂုံအောင် မူလ အဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် တိပိဋက ကျောင်းတော်မှ အရှင်ဝိစိတ္တာ လင်္ကာရ၊သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ် တော်ရ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ မိုင်းသောက် တောရ စာသင်တိုက်မှ အရှင်ခေမာဝံသနှင့်

ဆက်လက်၍နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဒီဃ နိကာယ် သဘောရေးဖြေအောင် ဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ် တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မင်းကွန်း တိပိဋက နိကာယကျောင်း တိုက်မှအရှင်ဂမ္ဘီရညာဏနှင့်မန္တလေး တိုင်း ချမ်းအေးသာစံမြို့နယ် မိုးကောင်းတိုက် သိန်းသန်းရတနာ ကျောင်းမှ အရှင်ဩဘာသလင်္ကာရ၊ ဒီဃနိကာယ် အာဂုံအောင် ဒီဃ ဘာဏကဘွဲ့တံဆိပ်တော်ရ ရန်ကုန် တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ဓာဝင် နိကာယ် ကျောင်းတိုက်မှ အရှင်ပညာဝံသာ လင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့်

တော်များနှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ထို့နောက် တရားသူကြီးချုပ် ဦးအောင်တိုးက ဝိနည်း ပထမပိုင်း သဘော ရေးဖြေအောင် ဥဘတော ဝိဘင် ကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် သုံးပါးတို့အား လည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေဘွဲ့တံဆိပ်တော်ရ အရှင်မြတ် သုံးပါးတို့အား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဝိနည်း ပထမပိုင်း သဘောရေးဖြေအောင် ဥဘတောဝိဘင် ကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်တစ်ပါးနှင့် ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ အရှင်မြတ် နှစ်ပါးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် သုံးပါးတို့အား လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အားလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် လေးပါးတို့အား လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် လေးပါးတို့အား လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အား လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဝိနည်း ပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် လေးပါးတို့အား လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်ရေ ဘွဲ့တံဆိပ်တော်ရအရှင်မြတ်လေးပါးတို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဝိနည်း ပထမပိုင်းအာဂုံအောင် ဥဘတောဝိဘင်ရေဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာ ရေစက်ချ တရားတော်ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လောင်းလှူ

အခမ်းအနားအပြီးတွင် တိပိဋကရေတိပိဋကကောဝိဒ စာအောင် သံဃာတော် အရှင်မြတ်များသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ် တို့ကလှူဖွယ်ပစ္စည်းများကို ဆက်ကပ် လောင်းလှူကြသည်။

(သတင်းစဉ်)

မင်းတပ်၌ မြားပစ်အားကစား သင်တန်းဆင်း

မင်းတပ် မေ ၂၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် မင်းတပ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် မြားပစ်အားကစား သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက်က မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက မြန်မာ့မြားပစ် အားကစား အောင်မြင်တိုးတက်မှုအခြေအနေနှင့် သင်တန်းဖွင့်လှစ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် မေ ၂၀ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စစ်တွေမြို့မှ ရေယာဉ်ဖြင့်ထွက်ခွာလာရာ စစ်တွေမြို့နယ် စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

မှာကြား

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များအား စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အောက်ခံကျောက်သားနမူနာများနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် မြေနေရာများကို ရှင်းလင်းပြသရာ ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များ မှာကြားသည်။

ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မေ ၂၁ရက် နံနက်ပိုင်းတွင် ဘူးသီးတောင် တပ်နယ်ခန်းမ၌ တပ်နယ်ရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှု

ထိုမှတစ်ဆင့် ဘူးသီးတောင်-မောင်တောကားလမ်းရှိ ဥမင်လိုဏ်ခေါင်းကြီးအား အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် မောင်တောမြို့နယ် သီရိမင်္ဂလာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့က ဆေးဝါးပစ္စည်းများ၊ မီးသတ်ဝတ်စုံများ၊ ဂျာနယ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ဇီဝဘက်ထရီများကို ဌာနဆိုင်ရာ တာဝန်ခံများနှင့် ရပ်မိရပ်ဖများထံ ပေးအပ်ကြသည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ တိုက်နယ်ဆေးရုံ၌ ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုက်နယ်ဆရာဝန်နှင့် ဆရာမများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် မောင်တော-အလယ်သံကျော်-အင်ူမော် ကျေးလက်ဖွံ့ဖြိုးရေးလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို စစ်တွေမြို့နယ်ရှိ စိုင်းဒင်ရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



ရခိုင်ပြည်နယ်တွင် မိုးပိုလာမည်

ရန်ကုန် မေ ၂၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး၊ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၁ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မြို့လယ်)တွင် ၆ဒသမ ၀၂လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၄ဒသမ ၇၇ လက်မ၊ မအူပင်မြို့တွင် ၄ဒသမ ၇၂လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ဒသမ ၉၉လက်မနှင့်ပုသိမ်မြို့တွင် ၂ဒသမ ၂၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော် မွန်းလွဲ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက် သို့မဟုတ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

မေ ၂၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

■ ကျောဖုံးမှ

"၂၀၀၃ခုနှစ်က အာရှနိုင်ငံအချို့မှာ SARS ကပ်ရောဂါဖြစ်ပွားခဲ့တယ်။ မြန်မာနိုင်ငံမှာ တစ်ဦးမျှ ရောဂါမဖြစ်ပွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါက နိုင်ငံတော်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းနဲ့ ပြည်သူတွေအားလုံး အမျိုးသားရေးအသွင်နဲ့ ကြိုးစားခဲ့ကြလို့ပါ။ နောက်ပြီး အဲဒီ၂၀၀၃ခုနှစ် ဒီဇင်ဘာမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်လာပြန်တယ်။ ဒါလည်း ကျွန်တော်တို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပြီးတဲ့နောက် လူတွေကူးစက်မယ့်တုပ်ကွေးရောဂါ မကြာခင်ကျရောက်လိမ့်မယ်လို့ ကမ္ဘာ့ကျန်းမာရေးပညာရှင်တွေက ခန့်မှန်းခဲ့ကြပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအနေနဲ့ ဒီလိုတုပ်ကွေးရောဂါကာကွယ်ရေးနဲ့ သေဆုံးမှု၊ ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၄ခုနှစ်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူး(ကူးစက်ရောဂါတိုက်ဖျက်ရေး) ပါမောက္ခဒေါက်တာ စိုးလွင်ငြိမ်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထိခိုက်ပျက်စီး

၂၀ရာစုတွင် တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ဖူးသည်။ ထိုရောဂါဖြစ်ပွားမှုကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ပြီး လူမှုရေး၊ စီးပွားရေးများစွာထိခိုက်ပျက်စီးခဲ့သည့် ဖြစ်ရပ်များပေါ်ပေါက်ခဲ့သည့် သာဓကများရှိခဲ့လေသည်။

"လိုအပ်တဲ့ဓာတ်ခွဲပစ္စည်းနဲ့ကိရိယာတွေကို ဖြန့်ဝေပေးပို့ထားပြီးဖြစ်ပါတယ်"
ပါမောက္ခ ဒေါက်တာနေဝင်း
ညွှန်ကြားရေးမှူး(ဓာတ်ခွဲ)၊ ကျန်းမာရေးဦးစီးဌာန

"တကယ်တော့ အခုနိုင်ငံအချို့မှာဖြစ်ပွားနေတဲ့ တုပ်ကွေးရောဂါ New Influenza A (H1N1)ဟာ မျိုးရိုးဗီဇလေးမျိုးပေါင်းစပ်ထားပြီး ကမ္ဘာပေါ်မှာ တစ်ကြိမ်မျှ မဖြစ်ပွားဖူးသေးတဲ့ တုပ်ကွေးဗိုင်းရပ်စ်အသစ်ဖြစ်လို့ လူမှလူသို့ ကူးစက်မှုမြန်ပါတယ်။ ဒီရောဂါဟာ မက္ကဆီကိုနိုင်ငံမှာ စတင်ဖြစ်ပွားနေပြီလို့ကြေညာတဲ့ ၂၀၀၉ခုနှစ် ဧပြီ၂၄ ရက်ကစပြီး မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရောဂါကာကွယ်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်ခဲ့တာပါ။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တုပ်ကွေးရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်တွေကို နေ့စဉ်မြန်မာ့အသံ၊ ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနဲ့ နယ်စပ်ဒေသ ဝင်ပေါက်ထွက်ပေါက်တွေမှာ ရောဂါစစ်ဆေးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ဒို့အပြင် ပြည်နယ်နဲ့တိုင်းရှိ ဆေးရုံတွေမှာ ပြင်းထန်အဆုတ်ရောင်ရောဂါဖြစ်ပွားမှုနဲ့ တုပ်ကွေးဆန်တဲ့ ရောဂါဖြစ်ပွားမှု သတင်းတွေကို နေ့စဉ်စောင့်ကြည့်ခြင်း၊ ရောဂါတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းတွေ ပြုလုပ်ထားပါတယ်"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

ကြိုတင်ပြင်ဆင်

အဆိုပါ တုပ်ကွေးရောဂါဖြစ်ပွားလာသည်ရှိသော် ကုသနိုင်ရန်အတွက် ရန်ကုန်မြို့၌ ဝေဘာဂီဆေးရုံနှင့် မန္တလေးမြို့တွင် ကန်တော်နဒီဆေးရုံများ၌ သီးသန့်လူနာဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိကြောင်း သိရသည်။ ထို့အတူ ဆေးကုသရန် လိုအပ်သော ဆေးဝါး၊ ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန်ကိရိယာများ အရန်သင့် ပြင်ဆင်ထားသည်။

"ဒီရောဂါရဲ့ လက္ခဏာတွေကတော့ အဖျားကြီးခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ တစ်ခါတစ်ရံ ပျို့အန်ခြင်းနဲ့ ဝမ်းသွားခြင်းစတဲ့ အချက်တွေပါပဲ။ အဲဒီအချက်တွေကနေပြီး ပြင်းထန်တဲ့ တုပ်ကွေးရောဂါလက္ခဏာတွေကတော့ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ အရည်မသောက်နိုင်ခြင်း၊ အဖျားပိုကြီးခြင်းနဲ့ သတိလစ်တာတို့ ဖြစ်လာတတ်ပါတယ်။ ဒါဆိုရင် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပို့ဆက်သွယ်ပြီး ဆေးကုသမှုခံယူဖို့ လိုအပ်ပါတယ်"ဟု ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တုပ်ကွေးရောဂါ New Influenza A (H1N1) သည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်ကူးစက်ခြင်း ဖြစ်သည်။ ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်ကူးစက်နိုင်သလို ရောဂါပိုးများပါသည့် အမှုန်အမွှားများ ကပ်နေသောပစ္စည်းများ ဥပမာ-စာအုပ်၊ ပိုက်ဆံ၊ လှေကားလက်ရန်းစသည့် အရာဝတ္ထုများကို ထိတွေ့မိပါက ရောဂါကူးစက်နိုင်ကြောင်း သိရသည်။

"ရောဂါကာကွယ်နိုင်ဖို့အတွက် လိုက်နာရမှာကတော့ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊ နှာချေချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊ လက်ကို

"တုပ်ကွေးရောဂါကာကွယ်ဖို့အတွက် အရေးကြီးဆုံးကတော့ လက်ကို မကြာခဏဆေးဖို့နဲ့ နှာချေ ချောင်းဆိုးရင် လက်ကိုင်ပဝါ သို့မဟုတ် နှာခေါင်းစည်း တပ်ဆင်ဖို့ အဓိကဆောင်ရွက်ရမှာဖြစ်ပါတယ်"
ပါမောက္ခဒေါက်တာ စိုးလွင်ငြိမ်း
ညွှန်ကြားရေးမှူး(ကူးစက်ရောဂါတိုက်ဖျက်ရေး)

ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ကောင်းစွာ အိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝတဲ့ အစားအစာများစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊ လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊ လူထူထပ်တဲ့နေရာကို ရှောင်ကြဉ်ခြင်း၊ ရောဂါကူးစက် မပြန့်ပွားရန် နှာခေါင်းနဲ့ပါးစပ်များ ဖုံးအုပ်ထားသော မျက်နှာဖုံးအကာအကွယ်ကို အသုံးပြုခြင်း၊ ရောဂါလက္ခဏာ တွေ့ရှိတယ်လို့ယူဆပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ အကူအညီတောင်းခံခြင်းတွေ ပြုလုပ်သင့်ပါတယ်"ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

တပ်ဆင်

တုပ်ကွေးဖြစ်ပွားသူများသည် ကျန်းမာရေးအမြန်ဆုံး ကောင်းမွန်လာစေရန်နှင့် သူတစ်ပါးသို့ မကူးစက်စေရန် စတင်ဖျားသည့်နေ့မှစ၍ ၁၀ရက်အတွင်း မိမိအိမ်၌ပင် နေထိုင်ပြီး ရုံး၊ ကျောင်းနှင့် လုပ်ငန်းခွင်များသို့ မသွားသင့်ကြောင်း သိရသည်။ ထို့အပြင် ခရီးသွားလာခြင်းမပြုရန်နှင့် နှာခေါင်းစည်း တပ်ဆင်ထားရမည်ဖြစ်သည်။ နှာချေ၊ ချောင်းဆိုးပြီးတိုင်း တစ်သျှူး၊ လက်ကိုင်ပဝါနှင့် နှာခေါင်းစည်းများ အသုံးပြုသင့်ပြီး ဆပ်ပြာနှင့်လက်ကို စင်ကြယ်စွာဆေးသင့်သည်။ တစ်ဖန် အာဟာရဖြစ်ပြီး ကြေညက်လွယ်သော အစားအစာများ စားသုံးကာ အရည်များများ သောက်ရမည်ဖြစ်သည်။ လေကောင်းလေသန့်ရရှိအောင်နေထိုင်ပြီး ကျန်းမာရေးဌာနများတွင် စနစ်တကျ ဆေးကုသမှုခံယူရမည် ဖြစ်ကြောင်း သိရသည်။

"အခုအချိန်ထိတော့ သံသယဖြစ်ဖွယ်လူနာတစ်ဦးမျှ မရှိသေးပါဘူး"
ဒေါက်တာလှမြင့်
ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး

"မိသားစုအတွင်းမှာ တုပ်ကွေးရောဂါဖြစ်ပွားတဲ့သူရှိရင် လူနာကို သတ်မှတ်ထားတဲ့ သီးသန့်နေရာ နေထိုင်စေရမှာဖြစ်ပါတယ်။ လူနာကို လေဝင်လေထွက်ကောင်းတဲ့နေရာနဲ့ အဲဒီလို သီးသန့်နေရာမရှိရင် အိမ်သားတွေနဲ့ ခြောက်ပေအကွာမှာ ထားရမှာဖြစ်ပါတယ်။ လူနာကို ပါးစပ် နှာခေါင်းစည်း တပ်ဆင်ပေးထားရမယ့်အပြင် ပြုစုသူတစ်ဦးတည်း သတ်မှတ်ထားရမှာပါ။ လူနာပြုစုသူကိုလည်း ပါးစပ်၊ နှာခေါင်းနဲ့ လက်အိတ်အသုံးပြုစေရမှာဖြစ်ပါတယ်။ နောက်ပြီး လူနာကို အခြားဧည့်သည် မိတ်ဆွေတွေနဲ့လည်း ပေးမတွေ့သင့်ပါဘူး။ လူနာချောင်းဆိုး နှာချေရင် တစ်သျှူး၊ လက်ကိုင်ပဝါ နှာခေါင်းစည်းတွေ အသုံးပြုပြီး အဲဒီအသုံးပြုပြီးသားတွေကို စနစ်တကျ စွန့်ပစ်ရမှာဖြစ်ပါတယ်။ လူနာသုံးအဆောင်ပစ္စည်းတွေကို လျှော်ဖွပ်တဲ့အခါ နှာခေါင်းစည်း၊ လက်အိတ်၊ ရင်ဖုံးအကာဝတ်ဆင်ပြီး ပိုးသတ်ဆေးနဲ့စိမ်ပြီး လျှော်ဖွပ်ရမှာဖြစ်ပါတယ်။ လျှော်ပြီးအဝတ်တွေကို နေပူလှန်း မီးပူတိုက်ပြီးမှ အသုံးပြုသင့်ပါတယ်"ဟု ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တုပ်ကွေးရောဂါမကူးစက်ရန် လက်ကိုဆပ်ပြာဖြင့် ဆေးကြောရာတွင် အရာဝတ္ထုများကို ကိုင်တွယ်ပြီးချိန်၊ လုပ်ငန်းချိန် ပြီးဆုံးချိန် သို့မဟုတ် ရပ်နားချိန်တိုင်း၊ မိမိ မိသားစု၊ ကလေးများနှင့် မတွေ့မီအချိန်၊ ပြင်ပမှပြန်လာသည့်အချိန်၊ လူနာကိုပြုစုပြီးအချိန်၊ မိမိ၏ နှာခေါင်းစည်းဖြုတ်ချိန်တိုင်းနှင့် အစာမစားမီနှင့် စားပြီးအချိန်တိုင်း၊ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပေးသင့်သည်။ တစ်ဖန်ရောဂါပိုးကူးစက်မခံရရန် နှာခေါင်းစည်းတပ်ဆင်အသုံးပြုရာတွင် ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာစည်းရမည်ဖြစ်သည်။ အသုံးပြုနေစဉ် နှာခေါင်းစည်းအား ထိတွေ့ကိုင်တွယ်ခြင်းမပြုရပေ။ ထို့အတူ အိတ်ကပ်အတွင်း၌လည်း ထည့်သွင်းခြင်း မပြုရကြောင်း သိရသည်။ နှာခေါင်းစည်းအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောရမည်ဖြစ်သည်။ စိုထိုင်းနေသော နှာခေါင်းစည်းကို အသစ်လဲရမည်ဖြစ်ပြီး တစ်ခါသုံးပြီး နှာခေါင်းစည်းကို နောက်တစ်ကြိမ်အသုံးမပြုဘဲ စနစ်တကျစွန့်ပစ်ရမည်ဖြစ်သည်။ လူစုလူဝေးနေရာများသို့ သွားလာပါက နှာခေါင်းစည်းကို တပ်ဆင်အသုံးပြုရမည်ဖြစ်သည်။ နှာခေါင်းစည်းသည် ဝယ်ယူရနိုင်သလို မိမိအိမ်တွင်ရှိသော ပိတ်စဖြင့်လည်း ချုပ်လုပ်အသုံးပြုနိုင်ကြောင်း သိရသည်။ **"လူတစ်ဦးချင်းနဲ့ မိသားစုတစ်စုချင်းက တုပ်ကွေးရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ နှိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်"**ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

ဖြန့်ဝေပေးပို့ထား

ထို့နောက် တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဓာတ်ခွဲမှုဆိုင်ရာဌာနညွှန်ကြားရေးမှူး(ဓာတ်ခွဲလုပ်ငန်း)ပါမောက္ခဒေါက်တာနေဝင်းက "မြန်မာနိုင်ငံအတွင်း ဘယ်နေရာဒေသမှာမဆို အဲဒီတုပ်ကွေးရောဂါနဲ့ပတ်သက်ပြီး သံသယဝင်လူနာ တစ်ဦးဦးတွေ့ရှိရင် နှာခေါင်းတွင်းတို့ဖတ်နမူနာ၊ အာခေါင်တို့ဖတ်နမူနာတွေယူပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို ပို့ဆောင်စစ်ဆေးရမှာဖြစ်ပါတယ်။ အဲဒီလိုဓာတ်ခွဲစစ်ဆေးနိုင်ဖို့ ရန်ကုန်မြို့ရှိတဲ့ ဝေဘာဂီဆေးရုံကြီး၊ မန္တလေးမြို့ ကန်တော်နဒီဆေးရုံကြီးနဲ့ ပြည်နယ်၊ တိုင်း၊ ခရိုင်ဆေးရုံကြီးများအားလုံးမှာ လိုအပ်တဲ့ ဓာတ်ခွဲပစ္စည်းနဲ့ ကိရိယာတွေကို ဖြန့်ဝေပေးပို့ထားပြီး ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာများကို ရယူပုံ၊ သိမ်းဆည်းပုံ၊ ထုပ်ပိုးပုံနှင့် ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ပုံစသည့် အဆင့်ဆင့် အသေးစိတ်လုပ်ငန်းများကို သင်တန်းပေးခြင်း၊ ညွှန်ကြားချက် ထုတ်ပြန်ခြင်းများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

စစ်ဆေးနိုင်

"ကမ္ဘာ့နိုင်ငံအချို့မှာ ဖြစ်ပွားနေတဲ့ တုပ်ကွေးရောဂါပိုးကို ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနရဲ့ အမျိုးသားတုပ်ကွေးရောဂါဓာတ်ခွဲဌာနမှာ ရှာဖွေစမ်းသပ် ဖော်ထုတ်နိုင်ပါတယ်။ အမျိုးသားတုပ်ကွေးရောဂါဌာနဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အသိအမှတ်ပြုခံထားရတဲ့ဌာနဖြစ်ပြီး ကမ္ဘာ့တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုရေးကွန်ရက်မှာလည်း မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့ဝင် ဌာနကြီးတစ်ခု ဖြစ်ပါတယ်"ဟု ပါမောက္ခဒေါက်တာနေဝင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

တစ်ဖန် မြန်မာနိုင်ငံအတွင်း အဆိုပါ တုပ်ကွေးရောဂါကူးစက်မလာစေရေးနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍လည်း ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်ကလည်း "ဧပြီ ၂၈ရက်ကစပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ရန်ကုန်ဆိပ်ကမ်းမှာ နိုင်ငံတကာမှ ဝင်ရောက်လာတဲ့ ခရီးသည်များအား ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးစစ်ဆေးမှုတွေပြုလုပ်လျက်ရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကုသပေးမည်

တုပ်ကွေးရောဂါ သံသယလူနာများတွေ့ရှိပါက ရန်ကုန်တိုင်းနှင့် အခြားပြည်နယ်၊ တိုင်းများရှိ ဆေးရုံကြီးများသို့ သီးခြားစီစဉ်ထားသည့် လူနာတင်ယာဉ်ဖြင့် တင်ပို့ပြီး ရောဂါစမ်းသပ်ရှာဖွေခြင်း၊ အခြားလူများသို့ ကူးစက်မှုမရှိစေရန် ဆောင်ရွက်ခြင်း၊ ဆေးကုသမှုပေးခြင်းတို့ကို အထူးလေ့ကျင့်ပေးထားသော အထူးကုဆရာဝန်များ ပါဝင်သည့်အဖွဲ့က ကုသမှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနဲ့ နယ်စပ်ဒေသ ဝင်ပေါက်တွေမှ ဝင်ရောက်လာတဲ့ ခရီးသည်တွေကို သူတို့နေထိုင်မယ့် ဟိုတယ်နဲ့ အိမ်လိပ်စာတွေရယူပြီး သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနများက ဟိုတယ်နှင့် အိမ်များရှိ ခရီးသည်များအား ရောဂါရှိမရှိ ၁၀ရက်တိတိ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါတယ်။ အခုချိန်အထိတော့ သံသယဖြစ်ဖွယ် လူနာတစ်ဦးမျှမရှိသေးပါဘူး"ဟု ဒေါက်တာလှမြင့်က ဆက်လက်ရှင်းပြသည်။

လုံးဝမရှိသေး

ထို့ကြောင့် တုပ်ကွေးရောဂါ New Influenza A (H1N1) မဖြစ်ပွားစေရန် မြန်မာနိုင်ငံတွင် နိုင်ငံတော်၏ လမ်းညွှန်မှု၊ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ယခုအချိန်အထိ ရောဂါဖြစ်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှု လုံးဝမရှိသေးပါကြောင်း တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တုပ်ကွေးရောဂါ A (H1N1) မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဤသို့ ဆောင်ရွက်လျက်ရှိသည်။ (မြန်မာ့အလင်း)

တုပ်ကွေးရောဂါ New Influenza A (H1N1) သည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်ခြင်းဖြစ်၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်ကူးစက်နိုင်သလို ရောဂါပိုးများပါသည့် အမှုန်အမွှားများ ကပ်နေသောပစ္စည်းများ ဥပမာ-စာအုပ်၊ ပိုက်ဆံ၊ လှေကားလက်ရန်းစသည့် အရာဝတ္ထုများကို ထိတွေ့မိပါက ရောဂါကူးစက်နိုင်ကြောင်း သိရ။

24-5 (10).pmd 1 5/24/2009, 3:01 AM

ဖုန်ကန်ရာဇီ တောင်တက်ခရီးစဉ် အတွေ့အကြုံ မျှဝေခြင်း

ဖုန်ကန်ရာဇီတောင်ထိပ်၌ Air Bagan မှ လေယာဉ်မောင်/မယ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၃

ကချင်ပြည်နယ် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားများ၏ သဘာဝ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် Air Bagan Ltd.မှ လေယာဉ်မောင်/မယ်များ၊ ထူးဖောင်ဒေးရှင်းမှ ဝန်ထမ်းများ စုစုပေါင်း ၅၁ ဦးပါဝင်သည့် အဖွဲ့သည် အမြင့်ပေ ၁၁၂၅၀ ရှိ၍ ခရီးမိုင် ၅၁ မိုင်၊ အသွားအပြန် ၁၀၂ မိုင်ဝေးသော ဖုန်ကန်ရာဇီ တောင်တက်ခရီးစဉ်ကို စတင်ရန် မေ ၅ ရက်တွင် ပူတာအိုမြို့သို့ ရောက်ရှိကြပြီး မေ ၆ရက် နံနက်ပိုင်းတွင် ပူတာအိုမှ ၁၁မိုင်ဝေးသော အထက်ဆန်ခေါင်ရွာသို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာ၍ ယင်းရွာတွင် စုရပ်အဖြစ် စုစည်းကာ ဝါဆာဒမ်းရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ အထက်ဆန်ခေါင်မှ ဝါဆာဒမ်းရွာသို့အတက် ရှစ်မိုင်၊ အဆင်းလေးမိုင်ဖြင့် စုစုပေါင်း ၁၂ မိုင်ကို အမြင့်ပေ ၅၂၀၀ ရှိ ကျောက်စိမ်းတောင်ကို ကျော်ဖြတ်၍ သွားရောက်ခဲ့သည်။ မေ ၆ရက်တွင် ဝါဆာဒမ်း၌ ညအိပ်ပြီး မေ ၇ ရက် နံနက်ပိုင်းမှစ၍ မြန်မာနိုင်ငံ အနောက်မြောက်ဘက် နောက်ဆုံးရွာဖြစ်သော ဝါဆာဒမ်းမှ ၁၀ မိုင်ဝေးသည့် ဇီယာဒမ်းရွာသို့ သဘာဝတောရိုင်းကြီးကို ဖြတ်ကျော်ကာ ဆက်လက်တက်ရောက်ခဲ့ကြသည်။

ဆက်လက်ထွက်ခွာ

ဇီယာဒမ်း၌ ညအိပ်ရပ်နားပြီး တတိယနေ့အဖြစ် ကိုးမိုင်ကွာဝေးသော သစ်ပင်ကြီးစခန်းသို့ ဆက်လက်တက်ခဲ့သည်။ ထိုအချိန်မှစ၍သွားရာလမ်းသည် အလွန်ကျဉ်းမြောင်းလာခြင်း၊ တောတောင်ထူထပ်လာခြင်း၊ အဆိပ်ပြင်းထန်လာသည့် ဖြုတ်များကိုက်မှုကို ခံရခြင်းကြားမှ မလျှော့သောဇွဲဖြင့် ပေ ၆၀၀၀ ကျော်ရှိ တောင်များကို တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့် ဆက်လက်ချီတက်ခဲ့ရာ မေ ၈ရက် ညနေ ၃ နာရီတွင် စခန်းသို့ အားလုံးရောက်ရှိခဲ့ကြသည်။ သစ်ပင်ကြီးစခန်းမှ ပေ ၉၀၀၀ ကျော်မြင့်သော ရေခဲစပ်စခန်းသို့ မေ ၉ရက်တွင် ဆက်လက်ထွက်ခွာခဲ့ရာ ခရီးအားဖြင့် ခုနစ်မိုင်သာ ကွာဝေးသော်လည်း အတက်အဆင်းများမှာ ကြမ်းတမ်းလှသဖြင့် ညနေ ၅နာရီမှသာ အဖွဲ့ဝင်အားလုံး စုံညီစွာဝင်ရောက်ခဲ့ကြရသည်။

တစ်ဦးမကျန်ရောက်ရှိ

ရေခဲစပ်စခန်းတွင် တစ်ညတာ ညအိပ်ရပ်နား၍ မေ ၉ရက်နံနက်ပိုင်းတွင် ရည်မှန်းချက်ဖြစ်သော တောင်ထိပ်သို့ အဖွဲ့ဝင်များအားလုံး ဆက်လက်တက်ခဲ့ကြသည်။ စခန်းမှထွက်ခွာ၍ လမ်းမရောက်မီ မိုးများ၊ နှင်းမိုးများ၊ မပြတ်ရွာသွန်းခြင်း၊ အတက်ကြမ်း၍ မြေများချော်ခြင်း၊ ရေခဲများရှိသည့် နေရာများ၌ ခက်ခဲခြင်းများဖြင့် ကြုံတွေ့ရ၍ မလျှော့သောဇွဲဖြင့် တက်ခဲ့ရာ နံနက် ၁၀နာရီခွဲတွင် အဖွဲ့ဝင်အားလုံး၏ ရည်မှန်းချက်ဖြစ်သော မြန်မာနိုင်ငံ အနောက်မြောက်ဘက်စွန်းရှိ အမြင့်ပေ ၁၁၂၅၀ ရှိ ဖုန်ကန်ရာဇီတောင်ထိပ်သို့ အဖွဲ့ဝင် ၅၁ဦးစလုံး တစ်ဦးမကျန်ရောက်ရှိခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

တောင်ထိပ်မှနေ၍ ပြန်လည်စခန်းချမည့် ခမ်းတောက်မြစ်စခန်းသို့ နံနက် ၆နာရီခွဲတွင် ပြန်လည်ထွက်ခွာခဲ့ရာ အဖွဲ့ဝင်များမှာ မြေချောချောတွင် အဆင်းကြမ်းကြမ်းဖြင့် ခက်ခဲစွာစခန်းချမည့်နေရာသို့ ဆင်းခဲ့ကြစဉ် လမ်းခရီး၌ လေယာဉ်မယ်တစ်ဦးမှာ ခြေတစ်ဖဝါးစာမြေအားချော်၍ ချောက်အတွင်းသို့ကျပြီး တွဲလဲဖြစ်နေသဖြင့် အဖွဲ့သားများက ဆွဲတင်ခဲ့ရသေးသည်။ အဖွဲ့ဝင်များသည် သတ်မှတ်စခန်းဖြစ်သော ခမ်းတောက်မြစ်သို့ ည ၁၀နာရီတွင် ရောက်ရှိခဲ့သည်။ ခမ်းတောက်မြစ်၌ စခန်းချ၍ မေ ၁၀ရက် နံနက်စောစောမှစ၍ အမြင့်ပေ ၆၉၁၈ ပေရှိ ခမ်းတောက်မြစ် စခန်းမှ အမြင့် ပေ ၂၉၀၀ခန့်ရှိ ဇီယာဒမ်းရွာသို့လည်းကောင်း၊ မေ ၁၂ရက်တွင် ဝါဆာဒမ်းရွာသို့လည်းကောင်း ပြန်လည်ရောက်ရှိခဲ့ကြသည်။

မေ ၁၃ရက် နံနက်စောစောတွင် အဖွဲ့ဝင် ၅၁ ဦးပါ အဖွဲ့အား ၃၄ဦးနှင့် ၁၇ဦး နှစ်ဖွဲ့ခွဲ၍ ၁၇ ဦးမှာ ကျန်ရှိသော ၂၂ မိုင်ဝေးသည့် ဝါဆာဒမ်း-အထက် ဆန်ခေါင်-ပူတာအိုခရီးအား အမြင့်ပေ ၅၀၅၂ပေရှိ ဆန်ဂန်တောင်ထိပ်(ကျောက်စိမ်း)တောင်ကို ဖြတ်ကျော်ကာ ပြန်ခဲ့ကြသည်။

အထူးစိတ်ဝင်စား

အဖွဲ့ဝင် ၃၄ဦးပါရှိသည့် အဖွဲ့မှာ ဝါဆာဒမ်းရွာမှ ပူတာအိုဒေသနာမည်ကျော် မူလာရှီးဒီရွာသို့ Rafting(ရော်ဘာဖောင်) လေးစင်းဖြင့် အရှည်မိုင် ၅၀ခန့်အား တစ်ညအိပ် နှစ်ရက်ခရီးဖြင့် နမ့်လန်ချောင်း၊ ဖုန်ကန်ချောင်း၊ မူလာရှီးဒီချောင်းများအတိုင်း သဘာဝရေတံခွန်နှင့် လှိုင်းကြမ်းပေါင်းများစွာကို ဖြတ်ကျော်၍ ကမ္ဘာလှည့် ခရီးသွားများ အထူးစိတ်ဝင်စားမည့် အလှအပများကို ရှာဖွေကာ ပြန်ခဲ့ကြသည်။ မိုးရေများကြားမှ ခက်ခဲစွာဖြင့် အမြင့်ပေ ၁၀၀၀ကျော်ကို စုန်ဆင်းကာ မေ ၁၄ရက် ညနေ ၆နာရီကျော်တွင် ပူတာအိုသို့ ပြန်လည်ရောက်ရှိခဲ့သည်။

သတင်းဆောင်းပါး-တောင်တက်အဖွဲ့ဝင်တစ်ဦး
စာမျက်နှာဖွဲ့စည်းမှု-သန်းအေး (မြန်မာ့အလင်း)

ဖြည့်ဆည်းလှူဒါန်း

Air Bagan Ltd. မှ လေယာဉ်မောင်/မယ် ၃၆ဦးနှင့် Htoo Foundation ဝန်ထမ်း ၁၅ဦး ပါဝင်သောအဖွဲ့ဝင် ၅၁ဦးသည် မေ ၅ရက်မှ ၁၄ရက်အထိ အမြင့်ပေ ၁၁၂၅၀ မြင့်သော ဖုန်ကန်ရာဇီတောင်သို့ အောင်မြင်စွာတက်ရင်း ကချင်ပြည်နယ် ပူတာအိုဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသများရှိ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ခဲ့ကြသည်။ ယင်းတို့မှာ လမ်းတစ်လျှောက် ကျေးရွာများဖြစ်သော ဝါဆာဒမ်းကျေးရွာ၊ အဝဒမ်း(၁)ကျေးရွာ၊ အဝဒမ်း(၂)ကျေးရွာနှင့် ဇီယာဒမ်းကျေးရွာရှိ တိုင်းရင်းသားများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀၀ အိမ်ထောင်စုဝင်များအား သုံးလစာကို ထောက်ပံ့ပေးခဲ့ခြင်း၊ သဘာဝတောတောင်အလှများ မပျက်စီးရေးအတွက် သစ်တောများမခုတ်စေရေးနှင့် စိုက်ပျိုးရေးအတွက် ရာသီဥတုနှင့် ကိုက်ညီသော လက်ဖက်မျိုးများ၊ သစ်ကြားသီး၊ ငရုတ်ကောင်း၊ ကော်ဖီများစိုက်ပျိုးရန် မျိုးစေ့များထောက်ပံ့ပေးခြင်း၊ ရရှိလာမည့် စိုက်ပျိုးရေးအသီးအပွင့်များကို ရောင်းချနိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ခြင်း၊ တိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှုမပျက်စေရေး အတွက် ကျေးရွာလေးရွာရှိ အိမ်ထောင်စုတစ်စုစီအလိုက် ရိုးရာဝတ်စုံများ ဖြည့်ဆည်းလှူဒါန်းခြင်း။

အစီအစဉ်ချမှတ်

ယင်းကျေးရွာလေးရွာမှ တိုင်းရင်းသားများ၏ ပညာရေးအတွက် ပူတာအိုမြို့၌ အထက်တန်းကျောင်းအထိ ပညာသင်ကြားနိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်လှူဒါန်းပေးမည်ဖြစ်ခြင်းနှင့် ပြည်တွင်းတက္ကသိုလ် သာမက ထူးချွန်ပါက ပြည်ပတက္ကသိုလ်များအထိပါ သွားရောက်သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ခြင်း၊ တိုင်းရင်းသားများ၏ ကျန်းမာရေးအတွက် လတ်တလောလိုအပ်မည့် ဆေးဝါးများ အပြည့်အစုံလှူဒါန်းခြင်းနှင့် ရှေ့ရေးအတွက် ကျန်းမာရေးဆိုင်ရာအစီအမံများ ဆောင်ရွက်ပေးခြင်း၊ တိုင်းရင်းသားများ သွားလာမှု လွယ်ကူစေရေးအတွက် ခရီးလမ်းကြမ်းသည့် တောင်တက်၊ တောင်ဆင်း ခရီးအရှည် မိုင်၅၀ခန့်ရှိသော ပူတာအို-ဇီယာဒမ်းကားလမ်းအား ငွေကြေးများစွာ အကုန်အကျခံ၍ ဖောက်လုပ်ရန် စီမံပြင်ဆင်ခဲ့ခြင်း၊ ပူတာအိုဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမည့် အမျိုးသားသဘာဝသားရိုင်းဥယျာဉ်ကြီးနှင့် သဘာဝသစ်ခွဥယျာဉ်ကြီး တည်ထောင်ရန် အစီအစဉ်ချမှတ်ခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အောင်မြင်စွာတက်ရောက်ခဲ့

Air Bagan Ltd. လေယာဉ်မောင်/ မယ်များနှင့် ထူးဖောင်ဒေးရှင်းမှ ဝန်ထမ်းများသည် အခက်အခဲပေါင်းများစွာကြားမှ မလျှော့သောဇွဲလုံ့လဖြင့် အမြင့်ပေ၁၁၂၅၀ရှိ ဖုန်ကန်ရာဇီတောင်အား အောင်မြင်စွာ တက်ရောက်ခဲ့ရင်း ကချင်ပြည်နယ် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားသည့် သဘာဝ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ရေနွေးကြမ်းတွင် ပါဝင်သော ဓာတုပစ္စည်း HIV ဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်စွမ်းရှိဟုဆို

ရေနွေးကြမ်းတွင် ပါရှိသော ဓာတုပစ္စည်းတစ်မျိုးသည် HIV ဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်ကြောင်း သုတေသနပြု တွေ့ရှိရသည်ဟု ဂျာမနီ ဆေးသိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ကာကွယ်နိုင်

ပင်ကိုအားဖြင့် ရေနွေးကြမ်းတွင် ပါဝင်သော ဓာတ်များက နှလုံး၊သွေးတိုးနှင့် ဆီးချိုရောဂါ ဖြစ်ပွားမှုများကို အကာအကွယ် ပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသော်လည်း ယခုကဲ့သို့ HIV ဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း သုတေသနမပြုနိုင်ခဲ့ချေ။

ဟန့်တားနိုင်

ယခုသုတေသနပြုချက်အရ ရေနွေးကြမ်းတွင် ပါဝင်သော ပိုလီဖီနောဓာတ်က HIV ဗိုင်းရပ်စ်ကို မပြန့်ပွားအောင် ဟန့်တားထိန်းသိမ်းနိုင်သည်ဟု ၎င်းတို့က ပြောကြားသည်။

ထို့ကြောင့် ရေနွေးကြမ်း ပုံမှန်နေ့စဉ်သောက်သုံးမှုသည် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ကြောင်း၊ ထို့အပြင် HIV ဗိုင်းရပ်စ်ပိုး မပြန့်ပွားအောင် ထိန်းသိမ်းပေးနိုင်ကြောင်း ဂျာမနီဆေးသိပ္ပံ ပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

(၁၃)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာဂေါက်ကလပ်မှ ကျင်းပသော ၂၀၀၉ ခုနှစ် (၁၃)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် မြန်မာဂေါက်ကလပ် ၉-မိုင် ပြည်လမ်း၌ ကျင်းပသည်။

ဂုဏ်ပြု

ရှေးဦးစွာ မြန်မာဂေါက်သီးရိုက် အသင်း အတွင်းရေးမှူး ဦးမြင့်စိုးက ပြိုင်ပွဲအတွက် ဆုများနှင့် ဆုကြေးများကို ကူညီပံ့ပိုးခဲ့ကြကာ အလှူရှင်များကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ ဦးခွန်မြတ်က လက်ခံသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုများကို ချီးမြှင့်ရာ အလှူရှင်များကိုယ်စား ဦးခွန်မြတ်က အသက် (၁၀-၁၂) နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူ ၁၁ ဆုတို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးမြင့်စိုးက အသက် (၁၀-၁၂) နှစ် အတန်းပြိုင်ပွဲတွင် ပဋ္ဌမရရှိသော ရဲမျိုးကျော်၊စတုတ္ထဆုရရှိသောရွှေဇလဝင်းမြင့်၊ တတိယရရှိသော သန်းထွန်းအောင်၊ ဒုတိယရရှိသော ကျော်မင်းသူနှင့် ပထမရရှိသော ဝင်းဖြိုးတို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းက အသက် (၁၃-၁၅) နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု ငါးဆုတို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက် အသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက အသက် (၁၃-၁၅) နှစ် အတန်းပြိုင်ပွဲတွင် ပဋ္ဌမရရှိသော မင်းနိုင်စိုး၊ စတုတ္ထရရှိသော အောင်ကျော်လင်း၊ တတိယရရှိသော မင်းထွဋ်၊ ဒုတိယရရှိသော ဝေယံလင်းနှင့် ပထမရရှိသော ဝင်းထက်ကျော်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသက် (၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု ငါးဆုတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးမင်းသိမ်းက အသက် (၁၆-၂၀) နှစ် အတန်းပြိုင်ပွဲတွင် ပဋ္ဌမဆုရရှိသော ဇင်မင်းသူ၊ စတုတ္ထရရှိသော အောင်မျိုး၊ တတိယရရှိသော ရဲလွင်ဦး၊ ဒုတိယရရှိသော ရဲထက်အောင်နှင့် ပထမရရှိသော ဥက္ကာဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပံ့ပိုး

ယင်း (၁၃)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Srixon, KM Golf Centre, Double Eagle Golf, Standard House Golf, Green Field International Co.,Ltd. တို့က ဂေါက်သီးရိုက်ပစ္စည်းများကို လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် ဦးခွန်မြတ်၊ Point Golf Gear Factory, Theik Diamond တို့က ပြိုင်ပွဲအတွက် အလှူငွေများကိုလည်းကောင်း ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာဂေါက်ကလပ်နှင့် Han Event Management တို့က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုရရှိကြသူများ

၂၀၀၉ ခုနှစ် (၁၃)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။
(မြန်မာဂေါက်ကလပ်)

24-5 (11).pmd 1 5/24/2009, 3:01 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သန်လျင်မြို့၌ မြို့ပြတံတား ပြုပြင်ဆောင်ရွက်

သန်လျင် မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ဆောင်ရွက်နေသော မြို့ပြတံတားဖြစ်သည့် နှင်းဆီလမ်းတံတားကို အမှုဆောင်အရာရှိ ဦးခင်စော မေ၁၁ရက်က ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းက တံတားပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

ချန်ပီယံလိဂ်ဗိုလ်လုပွဲအကြို

အိုလံပီကိုမှာ ဘာစီလိုနာထက် လက်ရှိချန်ပီယံမန်ယူဘက်က နေလိုက်ချင်ပါရဲ့

သုံးသပ်တင်ပြသူ - ထွန်းထွန်းဦး (လှိုင်)

စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရောမ မေ ၂၃

၂၀၀၈-၂၀၀၉ ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲကို အီတလီနိုင်ငံ ရောမမြို့ အိုလံပီကိုကွင်းထဲမှာ အင်္ဂလန်ကလပ် မန်ယူနဲ့စပိန်ကလပ် ဘာစီလိုနာတို့ ဗိုလ်လုကြမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ ဒီအဆင့်ကိုရောက်ဖို့အတွက် အခက်အခဲပေါင်းများစွာကို ဖြတ်သန်းခဲ့ကြရပါတယ်။ နောက်ဆုံးတော့လည်း အများမျှော်လင့်ထားကြတဲ့အတိုင်း မန်ယူနဲ့ဘာစီလိုနာတို့ ဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့ကြပါပြီ။ ချန်ပီယံဖြစ်ဖို့အတွက် မေလ၂၇ရက်မှာ အဆုံးအဖြတ်ပေးမှာဖြစ်နေလို့ အများက စိတ်ဝင်စားစွာနဲ့ စောင့်မျှော်နေပြီဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

အစဉ်အလာ

ပြည်တွင်းအမှတ်ပေးဖလားတွေကို အသီးသီးရယူပိုင်ဆိုင်ထားကြပြီး ဖြစ်တဲ့ မန်ယူနဲ့ဘာစီလိုနာဟာ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ချန်ပီယံ ဖြစ်ခွင့်ရဖို့ကို နောက်ဆုံးဗိုလ်လုပွဲမှာ အမှားမခံစတမ်းကစားကြမှာပါ။ အရင်တုန်းကလည်း ဆုံတွေ့ခဲ့ကြဖူးတဲ့ အစဉ်အလာရှိနေတော့ နှစ်သင်းစလုံးအနေနဲ့ မျက်နှာသစ်အသင်းတွေမဟုတ်လို့ စိမ်းနေကြစရာအကြောင်း မရှိပါဘူး။ သားအဖ အသက်အရွယ်တမျှကွာဟနေတဲ့ နည်းပြနှစ်ဦးရဲ့ အတွေ့အကြုံဟာ ကွာဟမှုရှိနေလို့ ဖာဂူဆန်နဲ့ ဂွါဒီယိုလာတို့ရဲ့ ဦးနှောက်ချင်းယှဉ်ရမယ့်ပွဲဟာ ဘက်ညီပါ့မလားပဲ။ တချို့ကတော့ နည်းပြဟာ သွန်သင်ရုံပဲရတာပါ။ တကယ်ကစားတော့ ကစားသမားတွေက အဓိကမဟုတ်လားလို့ဆိုတယ်။ မှန်ပါတယ်။ နည်းပြထက်ကစားသမားက ကွင်းထဲမှာ အနိုင်၊ အရှုံးဆုံးဖြတ်ရာမှာ အဓိကကျတဲ့သူတွေပါ။ ဒါပေမယ့် ကစားသမားတွေမမြင်တဲ့ ပြိုင်ဘက်ရဲ့ စွမ်းဆောင်နိုင်မှုကဏ္ဍကို လျှော့တွက်လို့ မရပါဘူး။ ဖာဂူဆန်ဆိုတာကလဲ မန်ယူကို ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်နေသလို အခြားဆုဖလားတွေပေါင်းများစွာလည်း ရအောင် ယူပေးနိုင်ခဲ့တဲ့သူပါ။ ပြီးတော့ လိုချင်တဲ့ပုံစံထဲဝင်အောင် ကစားသမားတွေကို သွန်သင်ပဲ့ပြင်ယူနိုင်သူဖြစ်နေတော့ အခုမှ နည်းပြလောကထဲ ဝင်လာတဲ့ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာလို နည်းပြတစ်ယောက်နဲ့ နှိုင်းယှဉ်လိုက်ရင် အတွေ့အကြုံနဲ့ သမ္မာကွာခြားတာ အတိုင်းအတာဘယ်လောက်ရှိမလဲ ခန့်မှန်းကြည့်နိုင်ပါတယ်။

စွမ်းဆောင်ရည်

ဒါပေမယ့် ကစားသမားတွေရဲ့ စွမ်းဆောင်ရည်အပိုင်းကို ပြန်ချိန်ထိုးဆလိုက်မယ်ဆိုရင်တော့ မန်ယူနဲ့ ဘာစီလိုနာနှစ်သင်းစလုံးမှာရှိနေတဲ့ သူတွေဟာ ကမ္ဘာကျော်ကစားသမားတွေချည်းပါပဲလို့ ဆိုရပါလိမ့်မယ်။ အတွေ့အကြုံလည်းပဲများနေတဲ့ သူတွေပါ။ စီရိုနယ်ဒိုနဲ့ မက်ဆီတို့ဆိုရင် ကမ္ဘာ့အကောင်းဆုံးဆုကို ရယူဖို့ချိန်နေတဲ့ အဆင့်ကနေပြီး ကျော်တက်သွားကြတာ ဆုတွေကိုပါရယူနိုင်လိုက်ကြတဲ့ အဆင့်အထိကို ရောက်ခဲ့ကြပါပြီ။ နည်းပြပိုင်းမှာ မန်ယူက အသာရနေပေမယ့်လည်း ကစားသမားအပိုင်းမှာတော့ မန်ယူနဲ့ ဘာစီလိုနာက ဘက်ညီပါတယ်လို့ ဆိုနိုင်ပါတယ်။

ဗိုလ်လုပွဲမှာ မန်ယူက ဖလက်ချာမပါနိုင်သလို ဘင်ဖော်စတာလည်း မပါနိုင်တော့ပါဘူး။ ဖလက်ချာက ပွဲပယ်။ ဖော်စတာက ဒဏ်ရာရထားလို့ ဟားဂရေ့ဗ်လို ဗိုလ်လုပွဲနဲ့လွဲရမှာပါ။ ဘာစီလိုနာကျတော့ အာဘီဒဲလ်နဲ့ အဲဗက်စ်တို့နှစ်ယောက် မပါနိုင်ဘူး။ ပြီးတော့ အွန်နရီနဲ့ အင်နီယေစတာ ဒီနှစ်ယောက်စလုံးက ဘာစီလိုနာရဲ့ ကစားသမားကောင်းတွေ မပါနိုင်သလောက်ရှိတယ်လို့ ပြောကြပေမယ့် နည်းပြကတော့ ဒီကစားသမားတွေ ဒဏ်ရာတကယ်ပဲ ရရ မရရ ဖယ်ထားမှာမဟုတ်ဘူး။ ဆေးထိုး ကစားစေမှာပါ။ အရေးပါနေတဲ့ ပွဲတစ်ပွဲအတွက် အလွဲခံလို့မရတာ ဂွါဒီယိုလာသိတယ်။ ဒါကြောင့် ပွဲပယ်ခံထားရတဲ့ ကစားသမားတွေနေရာမှာ ကျန်ခဲ့တဲ့ ကစားသမားတွေနဲ့ပဲ သေသေသပ်သပ် အစားထိုးပြီးမှ ဖာဂူဆန် အထိနာစေမယ့် ဗျူဟာနဲ့ ပုံစံချပွဲထွက်ဖို့ ရှိနေနိုင်ပါတယ်။

ဆုံးဖြတ်ချက်

ဂွါဒီယိုလာဟာ ပွဲတစ်ပွဲကို စေ့စေ့စပ်စပ်မြင်အောင်လို့ ကြည့်ရာမှာ ဖာဂူဆန်လောက် မကျွမ်းကျင်ပေမယ့် ကစားသမားတွေကို ဖိဖိစီးစီးနဲ့ ဘယ်လိုထိုးဖောက်ကစားရမလဲဆိုတာကို သွန်သင်ရာမှာတော်တယ်။ ဆုံးဖြတ်ချက် ဖျတ်ဖျတ်လတ်လတ်နဲ့ ပြတ်သားတယ်။ ဒါကြောင့် ဗိုလ်လုပွဲရောက်လာတဲ့ သူ့အသင်းကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ယူနေပါတယ်။ အရေးပါတဲ့ ကစားသမားတွေကို အနားပေးထားပြီး လာလီဂါမှာရှိတဲ့ အမှတ်ပေးပွဲတွေကိုတောင်အရန်တွေနဲ့ကစားနေတာကိုက ဂွါဒီယိုလာဟာ သူ့အသင်းကို အားနည်းချက်မရှိရအောင် စွမ်းဆောင်မွမ်းမံနေတာ သိသာစေပါတယ်။ ဗီလာရီးယဲလ်နဲ့ပွဲမှာ အီတူး ပယ်နယ်တီလွဲအောင် လုပ်ပြလိုက်ပုံကလည်း ဂွါဒီယိုလာရဲ့ ပြိုင်ဘက်မန်ယူအထင်သေးစေအောင် လုပ်ပြလိုက်တဲ့ ဗျူဟာလားလို့ ထင်မိလောက်အောင်ပါပဲ။

ဖာဂူဆန်ကလည်း ဘာစီလိုနာရဲ့ အဓိကကစားသမားတွေရဲ့ အားနည်းချက်ကို သိနေတဲ့သူပါ။ အဲဗက်စ်မပါတာနဲ့၊ အာဘီဒဲလ်မပါတာနဲ့ ဘယ်သူတွေဝင်ရင် ဘယ်လိုအားနည်းချက်တွေရှိလာနိုင်တယ်ဆိုတာ တွက်ဆနေပြီးသားပါ။ ဂိုးသမား ဗားဒက်စ်ရဲ့ အရပ်အမောင်း နိမ့်နေတဲ့ ဟာကွက်ကနေပြီး ဂိုးရအောင်သွင်းဖို့ကအစ စီမံပြီးသားဖြစ်မှာပါ။ စီရိုနယ်ဒိုရဲ့ အဝေးကန်ချက်တွေက တိကျပြင်းထန်တော့ ဘာစီလိုနာ ဂိုးသမားဗားဒက်စ်အနေနဲ့ အမှားနည်းနည်းလေးမှ လုပ်လို့မရပါဘူး။ လုပ်မိတာနဲ့ ဒုက္ခရောက်သွားနိုင်တဲ့ အနေအထားပါ။ မန်ယူရဲ့ ခြေစွမ်းကလည်း အားလုံးသိပြီးတဲ့အတိုင်း တစ်ပွဲထက်တစ်ပွဲ ခြေတွေ့နေတော့ ဘာစီလိုနာကိုလည်း ချယ်လ်ဆီးတို့ ရင်ဆိုင်သွားတဲ့ပုံစံတချို့နဲ့ နောက်ထပ်ဗျူဟာတွေ ထည့်ပေါင်းကာ ဖာဂူဆန်က ရင်ဆိုင်နိုင်စေဖို့ အသင်းကို လုပ်ထားမယ်ထင်ပါတယ်။ ဖာဂူဆန်ကတော့ ပရီမီယာလိဂ်အသင်းတွေရဲ့ အားသာချက်တွေထဲက ကြံ့ခိုင်မှုကို အမာခံထားပြီးကစားမှာပါ။ ဘာစီလိုနာကတော့ ချယ်လ်ဆီးလို အမာကစားတဲ့အသင်းကို

ယခုနှစ် စပိန် လာလီဂါဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ဘာစီလိုနာ နည်းပြ ဂွါဒီယိုလာ။

ခုခံကာကွယ်ခဲ့ပြီးပေမယ့် မန်ယူကိုတော့ အမှားတစ်ခါထက်ပိုတဲ့ အနေအထားမျိုးနဲ့တော့ ယှဉ်လို့မရပါဘူး။ ကြံ့ခိုင်မှုထက် နည်းစနစ်ကျွမ်းကျင်မှုကို အလေးပေးပြီး အပေးအပို့နဲ့ ကစားတဲ့ဘာစီလိုနာကတော့ ပြိုင်ဘက်မန်ယူက တကယ်တမ်း အဖျက်ကြမ်းကြမ်းတမ်းတမ်းနဲ့ကစားရင် အကွက်ဖော်ဖို့ လွယ်ပါတော့မလား။ မန်ယူရဲ့ ကစားဟန်က ဘာစီလိုနာနဲ့ယှဉ်ရင် ဘာမှမကွာပေမယ့် အသုံးချမှု နည်းစနစ်ကတော့ခြားနားတယ်။ အင်္ဂလန်မာန်အပြည့်ပါတဲ့ မန်ယူကတော့ စပိန်ကလပ် ဘာစီလိုနာလို အချော့၊ အဆွဲ၊ အနွဲ့နဲ့ ကစားတာကို လွှမ်းမိုးဖို့ မလွယ်နိုင်တာရှိနေတယ်။

ဘာစီလိုနာ

ဘာစီလိုနာအနေနဲ့ မက်ဆီ၊ အီတူး၊ အွန်နရီ၊ အင်နီယေစတာနဲ့ ဇာဗီအစရှိတဲ့ ကစားသမားတွေရဲ့ ထိုးစစ်ကိုအားကိုးမှာဖြစ်ပေမယ့် ခံစစ်မှာတော့ ပူယိုးလ်ကလွဲရင် ပီကေးတို့ပဲ



ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံမန်ယူအသင်းနှင့် ယှဉ်ပြိုင်မည့် ဘာစီလိုနာအသင်း။

အားကိုးစရာရှိတာပါ။ ပီကေးကတော့ မန်ယူလိုအသင်းဟောင်းကို သူ့အတွေ့အကြုံအရ အခက်တွေ့အောင် လုပ်ဖို့ လွယ်နိုင်ပါ့မလား။ ဘာစီလိုနာမှာ အွန်နရီ၊ ဂွတ်ဂျွန်ဆင်၊ လှက်ဘ်နဲ့ ပီကေးတို့လို ပရီမီယာလိဂ်အတွေ့အကြုံနဲ့ မန်ယူနဲ့ ယှဉ်ကစားဖူးတဲ့ အတွေ့အကြုံရှိတဲ့ သူတွေရှိပါတယ်။ သူတို့ရဲ့ တိုက်စစ်မှူးမပါတဲ့ ကစားကွက်နဲ့ ပွဲထွက်ဦးမလားပဲ။ ဒါပေမယ့် ဒီတစ်ခါက ကြားခံမြေ အိုလံပီကိုမှာ ဖြစ်နေတော့ ၄-၅-၁နဲ့ ပွဲထွက်မယ်မထင်မိဘူး။ တီဗက်ဇ်၊ ရွှန်နေအစရှိတဲ့ သူတွေအပြင် ဘာဘာတော့ဗ်တို့ကို သုံးနိုင်ပါတယ်။ နောက်တစ်ချက်က ဘာစီလိုနာရဲ့ခံစစ်ကို ဖျက်ဆီးဖို့ မန်ယူဟာပွဲစကတည်းကနေ အမြင့်ဘောတွေနဲ့ ကြမ်းကြမ်းကစားနိုင်တယ်။ မန်ယူမှာ

ပရီမီယာလိဂ် ချန်ပီယံဆုကို (၁၈) ကြိမ်မြောက် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ မန်ယူနည်းပြ ဖာဂူဆန်။

ဒရော့ဘာလို မာပြီး အထောင်ကစားနိုင်တဲ့ သူမျိုးမပါပေမယ့် ရွှန်နေရဲ့ တွန်းကစားမှုနဲ့ စီရိုနယ်ဒိုရဲ့ ဖိအားပေးမှုကြောင့် ခံစစ်ပိုင်းဟာ ဖရိုဖရဲဖြစ်သွားနိုင်ပါသေးတယ်။ ပြီးတော့ စီရိုနယ်ဒိုရဲ့ ပြစ်ဒဏ်ဘောကန်ချက်တွေကလည်း ဘာစီလိုနာအတွက် ရင်ထိတ်စရာပါ။ ဒါကြောင့်လည်းပဲ ဘာစီလိုနာအဖို့ သတိထားနိုင်ပါမှ တော်ကာကျမှာပါ။

ချန်ပီယံလိဂ်တွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲရန် ရေပန်းစားနေသည့် မန်ယူအသင်း။

အထင်ကရကွင်း

အိုလံပီကိုကွင်းဆိုတာကလည်း အထင်ကရရှိတဲ့ ကွင်းတစ်ကွင်းပါ။ ပွဲကြည့်သူပေါင်း ၈၀၀၀၀ကျော် ကြည့်နိုင်ပါတယ်။ ဗိသုကာပညာရှင် လီဗစ်တယ်လော့ဗီ (ဒီဇိုင်း)ထုတ်ပြီး တည်ဆောက်ခဲ့တဲ့ကွင်းကြီးကတော့ ဗိုလ်လုပွဲရောက် အသင်းနှစ်သင်းအတွက် ခံ့ညားထည်ဝါလွန်းပါတယ်။ အင်္ဂလန်ပရိသတ်နဲ့ စပိန်ပရိသတ်တွေအနေနဲ့ ပြဿနာကင်းကင်းနဲ့ကြည့်နိုင်ဖို့ လုံခြုံရေးအစီအမံတွေကို သက်ဆိုင်ရာက လိုတာထက်ပိုပြီး စီစဉ်ထားမှာပါ။ ချန်ပီယံလိဂ်ဗိုလ်လုပွဲ သုံးကြိမ်ကျင်းပပြီးသွားတဲ့ ကွင်းကြီးထဲမှာ ဘောလုံးနဲ့ပတ်သက်တဲ့ အမှတ်တရတွေက အများကြီးပါပဲ။ ဒီကွင်းထဲမှာ ချန်ပီယံဖြစ်ခွင့်ရမယ့် အသင်းကတော့ ဂုဏ်ယူဝင့်ကြွားစရာပါပဲ။

အမှားမခံ

နောက်ဆုံးဗိုလ်လုပွဲမှာတော့ နှစ်သင်းစလုံးဟာ အမှားမခံစတမ်း ကစားသွားမှာပါ။ နည်းပြနဲ့ နည်းစနစ်ကြွယ်ဝမှုမှာ မန်ယူကအသာရနေပြီး ကစားသမားထူးချွန်မှုအပိုင်းမှာ သရေကျနေတဲ့ နှစ်သင်းကတော့ ထွက်ပေါ်လာတဲ့ အမှားလေးတွေကနေပြီး အနိုင်ကို တည်ဆောက်ယူမှာပါ။ လက်တလောမှာတော့ ဘာစီလိုနာဟာ အနည်းငယ်ကစားပုံကျနေသယောင်ရှိတယ်။ အားနည်းနေတဲ့ခံစစ်ကိုလည်း ပြင်ဆင်နိုင်သလောက် ပြင်ဆင်ထားမှာပါ။ ဒါပေမယ့်လည်းပဲ မန်ယူရဲ့ မာမာထန်ထန်ကစားမှုကို တောင့်ခံထားနိုင်စွမ်း မရှိရင်တော့ လက်ရှိချန်ပီယံမန်ယူလက်ထဲက ချန်ပီယံဖလားကို လက်လွှဲယူဖို့ဟာ ခက်နေနိုင်ပါတယ်။ အာဆင်နယ်မဟုတ်တဲ့ မန်ယူဟာ ဘာစီလိုနာနိုင်စားလို့ မရပါဘူး။ မန်ယူကသာ ဗိုလ်လုပွဲမှာ အကောင်းဆုံးခြေစွမ်းပြကစားပြီး ဘာစီလိုနာကို ဒုက္ခပေးသွားမှာဖြစ်ပါတယ်။ မန်ယူပဲ ထပ်ဆင့်ဗိုလ်စွဲသွားနိုင်မလားဆိုတာကို မေ၂၇ရက် (မြန်မာစံတော်ချိန် မေ၂၈ရက် နံနက်၁း၁၅နာရီ)မှာ မျက်ဝါးထင်ထင်တွေ့ရတော့မှာ ဖြစ်ပါကြောင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲအကြို ခန့်မှန်းတင်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

FAMILY Entertainment Group

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများအား



စက် + ကတ် = ကျပ် 55,000 ဖြင့် စတင်ကြည့်ရှုနိုင်ပါပြီ

MRTV MRTV-4 ESPN
5 5 5 5

Family Entertainment Group

Tel : 01 558874, 559847, 556577, 548430, 215255

ရတနာပုံ F.C အမှတ်ပေးဇယားကို ဦးဆောင်

ဇေယျာရွှေမြေ F.C နိုင်ပွဲပျောက်နေဆဲ

သတင်းမြင်ကွင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် မေ ၂၃

MNL Cup Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပဋ္ဌမနေ့ပွဲစဉ်ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာရွှေမြေ F.C ၊ မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C တို့ ဂိုးမရှိ သရေပွဲဖြစ်သွားပါတယ်။

ဇေယျာရွှေမြေ F.C **- ဂိုးမရှိ**
ရတနာပုံ F.C **- ဂိုးမရှိ**

အဖွင့်ပွဲစဉ်မှာ မမျှော်လင့်ဘဲ ဂိုးပြတ် အရေးနိမ့်ပြီး အဖွင့်မလှခဲ့တဲ့ ဇေယျာရွှေမြေအသင်းဟာ အခုပွဲမှာ ရလဒ်ကောင်းဖို့ ကြိုးစားခဲ့ပေမယ့် တစ်ယောက်လျော့ ရတနာပုံ F.C ကို အနိုင်မယူနိုင်ခဲ့ပါဘူး။ ဇေယျာရွှေမြေ အသင်းဟာ အခုပွဲရလဒ်မကောင်းရင် ချန်ပီယံမျှော်လင့်ချက်အတွက် စိုးရိမ်စရာအနေအထားဖြစ်သွားမှာဖြစ်တာကြောင့် ပထမပွဲမှာ ကစားခဲ့တဲ့ လူစာရင်းကို အပြောင်းအလဲလုပ်ပြီး ကစားပုံပြောင်းခဲ့ပါတယ်။ ဒါပေမယ့် ရရှိတဲ့အခွင့်အရေးတွေ ဂိုးမဖြစ်ခဲ့တာ၊ မိနစ် ၅၀နီးပါး တစ်ယောက်အသာနဲ့ ကစားခဲ့ပေမယ့် အနိုင်ဂိုးမသွင်းခဲ့နိုင်ခဲ့တာကတော့ ဇေယျာရွှေမြေ ကံဆိုးသွားရပါတယ်။

ခြေစွမ်းပြ

Southern Myanmar F.C အသင်းကိုအနိုင်ယူပြီး သုံးမှတ်အပြည့် ရယူထားနိုင်ခဲ့တဲ့ ရတနာပုံ F.C ကတော့ နိုင်ပွဲမဆက်ခဲ့ပေမယ့် ခြေစွမ်းပြ ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် တစ်ယောက်လျော့ပြီး နောက်ပိုင်း ကစားပုံဟာ အကောင်းဆုံးအနေအထားမှာရှိခဲ့ပြီး ဂိုးသွင်းခွင့်တွေကို ဇေယျာရွှေမြေ ဂိုးသမား ဇော်မိုးထက်နဲ့ နောက်ခံလူတွေ ကာကွယ်နိုင်ခဲ့လို့သာ ဂိုးမရခဲ့တာဖြစ်ပါတယ်။ မိုးကလည်း ရွာထားသလို နှစ်သင်းစလုံး အတွက်ကလည်း အရေးပါတဲ့ပွဲဖြစ်တာကြောင့် ကြိုးစားကစားကြရာ ထိခိုက်ဒဏ်ရာရမှုတွေရှိခဲ့ပြီး အဝါ၊ အနီတွေ ရှိခဲ့ပါတယ်။ ဒီလို အကြိတ်အနယ်ဖြစ်နေတဲ့ပွဲမျိုးမှာ ဒိုင်တွေအနေနဲ့ ဆုံးဖြတ်ချက် မှန်မှန်ကန်ကန်ချမှတ်ဖို့ အရေးကြီးတာ အမှန်ပဲဖြစ်ပါတယ်။

ရလဒ်ကောင်းဖို့အရေးပါနေတဲ့ ဇေယျာရွှေမြေအသင်းဟာ နောက်တန်းမှာ အပြောင်းအလဲလုပ်ထားသလို မင်းသူကို ကွင်းလယ်ခံစစ်နေရာမှာ ကစားစေခဲ့ပါတယ်။ တိုက်စစ်မှာ ရာဇာဝင်းသိန်းနဲ့ ထူးကျော်ကိုတွဲထားပေးပြီး ကျော်ကိုကို အလယ်တန်းညာတောင်ပံနေရာမှာထား ကစားခဲ့တဲ့ ဇေယျာရွှေမြေ အသင်းရဲ့ ကစားပုံဟာ ပွဲအစပိုင်းမှာ အတော်လေး ထိရောက်ခဲ့ပါတယ်။ ထူးကျော်ရဲ့ အခွင့်အရေးနှစ်ကြိမ်ကို ရတနာပုံဂိုးသမား ယဉ်မင်းအောင် ကာကွယ်နိုင်ခဲ့သလို ရာဇာဝင်းသိန်းနဲ့ အောင်မျိုးသန့်တို့ရဲ့ ကန်ချက်တွေကလည်း ဂိုးမဖြစ်ခဲ့ပါဘူး။ ရတနာပုံအသင်းရဲ့ ပထမပိုင်းကစားပုံဟာ ပထမပိုင်းမှာ အကောင်းဆုံးပုံစံ မရခဲ့ဘဲ ဇေယျာရွှေမြေနောက်ခံလူတွေ အမှားနည်းနည်းနဲ့ ကာကွယ်နိုင်ခဲ့တာကြောင့်လည်း ဂိုးသွင်းခွင့် သိပ်မရခဲ့ပါဘူး။ မိနစ်၃၀နောက်ပိုင်းမှာ ပွဲဟာ

အကောင်းဆုံး ဘောလုံးသမားဆုရ ရတနာပုံ F.C မှ ထွန်းထွန်းဝင်းအား ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

အနည်းငယ်ကြမ်းလာပြီး အဝါကတ်တွေ ပလူပျံခဲ့သလို ၄၂မိနစ်မှာတော့ ရတနာပုံ F.C နောက်ခံလူ ကျော်ဇေယျာမင်း နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရပါတယ်။

တိုက်စစ်အား

ဒုတိယပိုင်း အစမှာတော့ တစ်ယောက်သာနေတဲ့ ဇေယျာရွှေမြေအသင်း ဂိုးရဖို့ တိုက်စစ်အားမြှင့်လာခဲ့ပါတယ်။ ရာဇာဝင်းသိန်း၊ အောင်မိုး၊ ကျော်ကိုကိုတို့ရဲ့ တိုက်စစ်တွဲလုံးတွေ ထိရောက်ခဲ့ပြီး ၅၇မိနစ်မှာ အောင်မိုးပေးတာကို ရာဇာဝင်းသိန်း အပိုင်ပိတ်ပေမယ့် အပေါ်ထောင်သွားခဲ့ပါတယ်။ ၅၉မိနစ်မှာလည်း ကျော်ကိုကိုပေးတာကို အောင်မိုး အပိုင်ကန်ခွင့်ရပေမယ့် ဂိုးသမား ယဉ်မင်းအောင် ကာကွယ်နိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဇေယျာရွှေမြေ F.C ကစားအားကျသွားပြီး ရတနာပုံ F.C တောက်လျှောက် ဖိအားပေးနိုင်ခဲ့ပါတယ်။ ဇေယျာရွှေမြေ F.C လူစားလဲမှုတွေပြုလုပ်ပြီး ကစားအားတင်ပေမယ့် ရတနာပုံကစားကွက်ကို အသာရအောင် မကစားနိုင်ခဲ့ပါဘူး။ ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ ပိုင်စိုး၊ ဘာဘိုတို့ရဲ့ ကွင်းလယ်ကဖန်တီးမှု အားကောင်းခဲ့သလို ရှေ့တန်းက ရန်ပိုင်ရဲ့ အတိုးအလျှော့တွေ ထိရောက်ခဲ့တာကြောင့် ရတနာပုံတိုက်စစ်ဟာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိခဲ့ပါတယ်။ ရန်ပိုင် ဂိုးရနိုင်တဲ့အခွင့်အရေး သုံးကြိမ်ရခဲ့ပေမယ့် လူကျွံတစ်ကြိမ်၊ ဘားပေါ်ကျော်တာတစ်ကြိမ်နဲ့ နောက်တစ်ကြိမ်ကိုတော့ ဂိုးသမား ကာကွယ်နိုင်ခဲ့ပါတယ်။

အကောင်းဆုံး

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ထွန်းထွန်းဝင်း(ရတနာပုံ)ကို IBTC မှ ရုံးအဖွဲ့မှူး ဦးစိုးတင့်သိန်းက Grand Royal မှ ချီးမြှင့်ငွေ ကျပ်ငါးသိန်းကိုပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ဇေယျာရွှေမြေ F.C တွင် **ဂိုး-**ဇော်မိုးထက်၊ **နောက်တန်း-**မျိုးဇော်ထွန်း၊ ဇော်လင်းထွန်း(၁)၊ ဇော်ဇော်အောင်၊ မင်းကိုကို၊ **အလယ်တန်း-**မင်းသူ၊ အောင်မျိုးသန့်(ကျော်ဌေးဦး)၊ အောင်မိုး(ကျော်ဇင်ဝင်း)၊ ကျော်ကိုကို၊ **ရှေ့တန်း-**ရာဇာဝင်းသိန်းနှင့် ထူးကျော်(ရဲဝေယံစိုး)တို့ ပါဝင်ကစားခဲ့ကြပြီး ရတနာပုံ F.C တွင် **ဂိုး-**ယဉ်မင်းအောင်၊ **နောက်တန်း-**ကမ်ဘူး၊ ဂျီဒွန်ဆီယွန်၊ ကျော်ဇေယျာမင်း၊ ခင်မောင်ထွန်း၊ **အလယ်တန်း-**ချစ်စမ်းမောင်၊ ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ ပိုင်စိုး၊ ဘာဘို၊ **ရှေ့တန်း-**ရန်ပိုင်တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ပြင်ဆင်

ဇေယျာရွှေမြေ နည်းပြချုပ် ဦးဉာဏ်ဝင်းက "ပထမပွဲမှာ ဂိုးပြတ် ရှုံးနိမ့်ခဲ့လို့ အခုပွဲမှာ နိုင်ပွဲပြန်ရဖို့ အသင်းတာဝန်ရှိသူတွေရော၊ နည်းပြတွေနဲ့ ကစားသမားတွေပါ ပြင်ဆင်ခဲ့ကြပါတယ်။ အခုပွဲမှာ ကစားသမားတွေရဲ့ လှုပ်ရှားမှုနဲ့ ကြိုးစားမှုကို ကျေနပ်ပေမယ့် တစ်ယောက်အသာရတဲ့ အချိန်မှာ အနိုင်ဂိုး မသွင်းနိုင်တာကတော့ သဘောမကျပါဘူး၊ ရသင့်တဲ့ဂိုးအချို့လည်း မရခဲ့ပါဘူး၊ လိုအပ်ချက်တွေလည်း ရှိနေပါတယ်။ နောက်ပွဲတွေကျရင်တော့ နိုင်ပွဲပြန်ရမယ်လို့ ယုံကြည်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ပြောကြား

အသင်းခေါင်းဆောင် မင်းသူက "တစ်ယောက်သာတဲ့ အချိန်မှာ ကျွန်တော်တို့အနိုင်ရသင့်ပါတယ်။ ကျွန်တော်တို့အသင်းက လူငယ်တွေများတော့ ကစားအားကို မချိန်တတ်ဘူး။ ဒုတိယပိုင်းမှာ ကစားအားကျသွားတော့ ဂိုးမရခဲ့တာပါ။ တစ်ဖက်အသင်းက အတွေ့အကြုံရှိသူတွေများတော့ အကောင်းဆုံးပုံစံရအောင် ကစားနိုင်ခဲ့တာပါ" လို့ ပြောကြားခဲ့ပါတယ်။

ရတနာပုံ F.C နည်းပြချုပ် မစ္စတာရိုဟန်က "ကျွန်တော့်ကစားသမားတွေကို ချီးကျူးပါတယ်။ တစ်ယောက် လျော့နေချိန်တောင် အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ပြိုင်ဘက်အသင်းရဲ့ ကစားပုံကို ပြောစရာမရှိသလို ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း မှတ်ချက်မပြုချင်ပါဘူး"လို့ ပြောကြားခဲ့ပါတယ်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် F. C - မကွေး F. C

(မြန်မာ့အလင်း)

ဇေယျာရွှေမြေ F.C အသင်းနှင့် ရတနာပုံ F.C အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

စာရင်းကိုင် အမြန်အလိုရှိသည်။

မ (၃)ဦး၊ ကျား (၂)ဦး

- လစာကောင်းကောင်းပေးမည်။
- CPA (or) LCCI Level III အောင်မြင်ပြီးဖြစ်ရမည်။
- စာရင်းကိုင်အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
- Computer အခြေခံတတ်ကျွမ်းရမည်။
- အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အလုပ်သမားမှတ်ပုံတင် မိတ္တူပါရှိရမည်။
- ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ-

ရွှေဇင်အေးအထည်ချုပ်စက်ရုံ၊ မဓာဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

ပြိုင်ပွဲအပြီး သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (မြန်မာ့အလင်း)

ရေနုတ်မြောင်းတူးဖော်

အင်းတော် မေ ၂၃

စစ်ကိုင်းတိုင်း အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် မြအင်းသာလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်နေမှုကို ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းဇော်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ထူးခြားသည့်နေ့အပူချိန်

၂၃-၅-၂၀၀၉

ချောက်	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

ရန်ကုန်	၄ ဒသမ ၇၇ လက်မ
မအူပင်	၄ ဒသမ ၇၂ လက်မ
ပုသိမ်	၂ ဒသမ ၂၈ လက်မ

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

အမှာစကားပြောကြား

မေ၂၁ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်း၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး စိန်ထွန်း အမှာစကားပြောကြားစဉ်။ (ခရိုင်ရဲတပ်ဖွဲ့)

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးသတင်းများ

မြန်မာ့အလင်း

မေ ၁၆ရက် မှ ၂၂ ရက် အထိ

မေ ၁၆ - တရုတ်နိုင်ငံ ကျန်စုပြည်နယ် အနောက်မြောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးကာ နေအိမ် ၃၀ခန့် ပျက်စီးသွားသည်။ မြေပြိုမှုမှာ တောင်ပေါ်မှ အလွန်ကြီးမားသော မြေစိုင်ခဲကြီးများ ရုတ်တရက်ပြိုကျခဲ့၍ဖြစ်သည်။ ***(အပေါ်ပုံ)***

မေ ၁၇ - အမေရိကန်နိုင်ငံ နယူးယောက်မြို့အနီး ချီမန်မြို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးကာ သစ်ပင်များ ပြိုလဲပြီး ဓာတ်အားကြိုးများ ပြတ်တောက်ခဲ့သည်။ တစ်နာရီလျှင် မိုင် ၈၀နှုန်း တိုက်ခတ်သော မုန်တိုင်းဆက်လက် တိုက်ခတ်မှုကြောင့်နေအိမ်များပြိုကျပျက်စီးခဲ့သည်။***(ယာပုံ)***

မေ ၁၈ - တာဂျစ်ကစ္စတန်နိုင်ငံ ဗက်ဒက်ခရိုင်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ၂၃ဦးသေဆုံးပြီး နေအိမ်များ ပျက်စီးကာ ဒေသခံ ၁၀၀၀၀ကျော် နေအိမ်များကို စွန့်ခွာကာဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ထို့အပြင် ကောက်ပဲသီးနှံစိုက်ဧရိယာ ဟက်တာ ၄၀၀၀၀ခန့် ပျက်စီးခဲ့ပြီး လမ်းနှင့် တံတားကြီးငယ် ၄၀ခန့်လည်း ပျက်စီးခဲ့သည်။

မေ ၁၉ - နယူးဇီလန်နိုင်ငံ အော့လန်မြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၈၄၀ခန့်အကွာ ကာမီဒတ်ကျွန်း ကမ်းလွန်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ အင်အားရှိ ငလျင်လှုပ်ခဲ့သည်။ ငလျင်ကြောင့် ကာမီဒတ်ကျွန်း၌ အဆောက်အအုံနှင့် နေအိမ်အချို့ ပျက်စီးခဲ့သည်။

- ဆော်ဒီအာရေဗျနိုင်ငံ အနောက်ပိုင်း မာဒီနက်မြို့အနီးတွင် ရစ်ချ်တာစကေး ၅ ဒသမ၇ အဆင့်ရှိ ငလျင်လှုပ်မှုကြောင့် မာဒီနက်မြို့တွင် နေအိမ်နှင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သဖြင့် ဒေသခံများ နေအိမ်များမှ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ရသည်။

မေ ၂၀ - အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘတ်လန်ပြည်နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ဘာနုခရိုင်အတွင်းရှိ ကျေးရွာများ ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ် ၄၀ခန့် ပျက်စီးပြီး ဒေသခံ ၁၀ဦးထက်မနည်း သေဆုံးခဲ့သည်။ ထို့အပြင် ဒေသခံရာပေါင်းများစွာ နေအိမ်များမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်း မိုဗီဘာဇာခရိုင်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ဒေသခံခြောက်ဦး သေဆုံးပြီး နေအိမ်အချို့ ပျက်စီးခဲ့သည်။

မေ ၂၁ - ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းဒေသတွင် တစ်နာရီမိုင် ၆၀ကျော်နှုန်းတိုက်ခတ်သော မုန်တိုင်းကြောင့် မိုးရွာသွန်းမှုနှင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့သည်။ ***(အောက်ပုံ)***ကွင်းစလန်ပြည်နယ်တွင် အဆိုပါ မုန်တိုင်းကြောင့် စာသင်ကျောင်းများ ပိတ်ထားရသည်။ ဓာတ်တိုင်များ ပြိုလဲပြီး ဓာတ်အားကြိုးများ ပြတ်တောက်ခဲ့မှုကြောင့် နေအိမ်နှင့် စီးပွားရေးလုပ်ငန်းများ၌ ဓာတ်အားပြတ်တောက်လျက်ရှိသည်။

မေ ၂၂ - အိန္ဒိယနိုင်ငံ ဟီဆာမြို့တွင် အပူလှိုင်းကျရောက်ခဲ့ရာ အပူချိန် ၄၅ ဒသမ ၄ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့သည်။ ထို့ပြင် ပန်ဂျပ်ပြည်နယ်နှင့် ဟာရာနာမြို့တို့တွင်လည်း အပူလှိုင်းကျရောက်ခဲ့သည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

နံနက်ခင်းနေရောင်ခြည်ကို ၁၅မိနစ်ခန့် ထိတွေ့ပေးခဲ့လျှင် လူလတ်ပိုင်းအရွယ်၌ ဦးနှောက်စွမ်းရည်ပိုကောင်းနိုင်ဟုဆို

နံနက်ခင်းနေရောင်ခြည်ကို နေ့စဉ် ၁၅ မိနစ်ခန့်ထိတွေ့ပြီး ငါးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပေးပါက လူလတ်ပိုင်းအရွယ်၌ ဦးနှောက်စွမ်းအား ပိုမိုကောင်းမွန်စေရန် ဖြည့်ဆည်းပေးနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

အသက်၄၀မှ ၇၉နှစ်အကြား အမျိုးသား ၃၀၀၀ကို နှစ်အတန်ကြာ သုတေသနပြုခဲ့ရာ ဗီတာမင်ဒီ အပြည့်အဝရရှိခဲ့သော လူငယ်များသည် လူလတ်ပိုင်းအရွယ်တွင် ဦးနှောက်မှတ်ဉာဏ် ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဖော်စပ်ထား

ဗီတာမင်ဒီရရှိရန်မှာ နံနက်ခင်းနေရောင်ခြည်နှင့် ငါးများစားသုံးခြင်းတို့မှ ရရှိသော ဗီတာမင်ဒီကိုသာ ရွေးချယ်သင့်ကြောင်း၊ ဓာတုပစ္စည်းများဖြင့် ဖော်စပ်ထားသော ဗီတာမင်ဒီဆေးပြားများနှင့် ဆေးရည်များကိုမူ ချင့်ချိန်သုံးစွဲသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

အင်တာနက် ကျန်းမာရေး

ဘာဝဒသာန

✳ *Depend not on fortune, but on conduct.*

✳ *ကံကြမ္မာအပေါ် မှီခိုအားကိုးခြင်းမပြုပါနှင့်။ လုပ်ဆောင်မှုအပေါ်၌သာ မှီခိုအားကိုးပါ။*

ပတ်ဘ်လီးယပ်စ်ဆိုင်ရပ်စ်
(အီတလီလူမျိုးကဗျာဆရာ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊မောင်မောင်မြင့်ဆွေ
မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

ချဒ်သမ္မတနိုင်ငံ၏သမိုင်းကြောင်း

သတင်းအက်ဆေး

ချဒ်သမ္မတနိုင်ငံသည် အာဖရိကတိုက်မြောက်ပိုင်း အလယ်ဗဟို၌ တည်ရှိသည်။ သဲကန္တာရတစ်ပိုင်းဖြစ်နေသော နယ်ပယ်အများစုကို ပိုင်ဆိုင်ထားသည့် ချဒ်သမ္မတနိုင်ငံသည် ရွှေနှင့်ယူရေနီယံပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။ ထို့ပြင်မက မကြာသေးမီကစ၍ ရေနံတင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

၎င်းနိုင်ငံသည် အာဖရိကတိုက်တွင် ပဉ္စမမြောက်အကြီးဆုံး နိုင်ငံဖြစ်သည်။ သို့ဖြစ်လင့်ကစား အခြေခံအဆောက်အအုံမပြည့်စုံမှု၊ ပြည်တွင်းပဋိပက္ခများ အတောမသတ်နိုင်မှုတို့ကြောင့် ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်သည့်အပြင် ပြည်သူတို့၏ဘဝမှာ ဆင်းရဲကျပ်တည်းပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဆင့်တို့တွင်လည်း ဒေသတွင်းတွင် နိမ့်ဆင်းသည့် အခြေအနေ၌သာ ရှိနေသေးသည်။

ကိုလိုနီဘဝ

ယခုအခါ ချဒ်သမ္မတနိုင်ငံဖြစ်လာမည့်နေရာမှ အိုအာဒိုင်း၊ ဘတ်ဂါမီနှင့် ကာနင်ဘော်နု ဘုရင့်နိုင်ငံများကို ဆူဒန်စွန့်စားရေးသမား ရာဘီ အယ်ဇူဘေးက ၁၈၈၃-၁၈၉၃ ခုနှစ်တွင် သိမ်းပိုက်သည်။ ၁၉၀၀ ပြည့်နှစ်တွင် ပြင်သစ်က အယ်ဇူလား၏ စစ်တပ်ကို နှိမ်နင်းလိုက်သည်။ ၁၉၁၃ ခုနှစ်တွင် ပြင်သစ်က ချဒ်ကိုအပြီးတိုင် အောင်နိုင်ပြီးနောက် ချဒ်မှာလည်း ပြင်သစ်လက်အောက်ခံ ကိုလိုနီဘဝသို့ ကျရောက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိသည်။ တောင်ပိုင်းသား ခရစ်ယာန်ဘာသာဝင် တွမ်ဘာဘာယေးသမ္မတ ဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် နိုင်ငံရေးပါတီများ တားမြစ်မှုကို အကြောင်းပြု၍ အစိုးရကို ချဒ်အမျိုးသားလွတ်မြောက်ရေးတပ်ဦး (ဖရိုလီနက်) ဦးဆောင်ပြီး မွတ်စလင်မြောက်ပိုင်းသားတို့က အကြမ်းဖက်ဆန့်ကျင်သည်။ ၁၉၆၆ ခုနှစ်တွင် မြောက်ပိုင်းသားတို့၏ ပုန်ကန်မှုမှာ ပြောက်ကျားစစ်အသွင်ဆောင်လာသည်။

၁၉၇၃ ခုနှစ်တွင် မြောက်ပိုင်းသားတို့၏ ပုန်ကန်မှုကို ပြင်သစ်တပ်များက ကူညီနှိမ်နင်းပေးသည်။ သို့သော် လစ်ဗျားနိုင်ငံ၏ လက်နက်ထောက်ပံ့မှုဖြင့် ပြောက်ကျားစစ်ဆင်ရေးများမှာ ၁၉၈၀ပြည့်လွန်နှစ်များတိုင် ဆက်လက်ဖြစ်ပွားသည်။

သိမ်းပိုက်

၁၉၇၅ခုနှစ်တွင် အခြားတောင်ပိုင်းသား ခရစ်ယာန်ဘာသာဝင် ဖဲလစ်မာလွန်း ဦးဆောင်၍ အာဏာသိမ်းကာ သမ္မတတွမ်ဘာဘာလေးအား ဖယ်ရှားသုတ်သင်လိုက်သည်။ ၁၉၇၇ခုနှစ်တွင် လစ်ဗျားနိုင်ငံက ချဒ်နိုင်ငံမြောက်ပိုင်း အူဇိုးကမ်းမြောင်ကို သိမ်းပိုက်လိုက်သည်။ ၁၉၇၉ခုနှစ်တွင် မွတ်စလင်မြောက်ပိုင်းသား အူဒေးဦးဆောင်သည့် ညွန့်ပေါင်းအစိုးရက သမ္မတမာလွန်းအား တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။

၁၉၈၀ပြည့်နှစ်တွင် ဝန်ကြီးချုပ်ဟောင်း ဟာဘရီဦးဆောင်သည့် မြောက်ပိုင်းတပ်ကို တိုက်ခိုက်ရာ၌ အူဒေးအား ကူညီတိုက်ပေးရန် လစ်ဗျားနိုင်ငံက တပ်ကူလွှတ်သည်။ ၁၉၈၁ခုနှစ်တွင် အူဒေး၏မေတ္တာရပ်ခံချက်ဖြင့် လစ်ဗျားတပ်များ ရုပ်သိမ်းသွားသည်။ ၁၉၈၂ခုနှစ်တွင် ဟာဘရီ၏ တပ်များက မြို့တော်အင်ဂျာမီနာကို သိမ်းပိုက်သည်။ ၁၉၈၃ခုနှစ်တွင် ဟာဘရီအစိုးရကို အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ)က အသိအမှတ်ပြုသည်။ သို့သော် အူဒေး၏တပ်များသည် လစ်ဗျားအကူအညီ ရယူကာ ဆက်လက် ခုခံနေသည်။

ဖယ်ရှား

၁၉၉၀ပြည့်နှစ်တွင် ဟာဘရီ၏မဟာမိတ်ဟောင်း အိုင်းဒရစ်ဒက်ဘီဦးဆောင်သည့် မျိုးချစ်ကယ်တင်ရေးလှုပ်ရှားမှုအဖွဲ့ သူပုန်များက ဟာဘရီ အစိုးရတပ်များကို အောင်နိုင်ပြီးနောက် ဟာဘရီကို ရာထူးမှဖယ်ရှားလိုက်သည်။ မျိုးချစ်ကယ်တင်ရေး လှုပ်ရှားမှုအဖွဲ့သည် ဆူဒန်နိုင်ငံ၌ အခြေချပြီး လစ်ဗျားနိုင်ငံ၏ ထောက်ခံမှုရရှိသည့် အဖွဲ့ဖြစ်သည်။ ၁၉၉၃ခုနှစ်တွင် အမျိုးသားဒီမိုကရေစီညီလာခံက ဒက်ဘီကို ယာယီသမ္မတအဖြစ် တာဝန်ပေးပြီး ကြားဖြတ်အစိုးရဖွဲ့စည်းသည်။ တစ်နှစ်အတွင်း ရွေးကောက်ပွဲကျင်းပပေးရန် တိုက်တွန်းလိုက်သည်။



သပိတ်မှောက်ကြ

၁၉၉၆ခုနှစ်တွင် ချဒ်နိုင်ငံ၏ ပထမဆုံးပါတီစုံသမ္မတ ရွေးကောက်ပွဲတွင် ဒက်ဘီသည် သမ္မတအဖြစ် ရွေးချယ်ခံရသူဖြစ်သည်။ နောက်တစ်နှစ် အထွေထွေရွေးကောက်ပွဲ၌လည်း ဒက်ဘီမျိုးချစ်ကယ်တင်ရေး လှုပ်ရှားမှုအဖွဲ့ကပင် အနိုင်ရသည်။ ၂၀၀၁ခုနှစ်တွင်လည်း ဒက်ဘီပင် ဒုတိယအကြိမ် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၅ခုနှစ်တွင် ဒက်ဘီအား တတိယအကြိမ် သမ္မတသက်တမ်း ဆက်လက်တာဝန်ယူနိုင်ရေးခွင့်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေးကို မဲဆန္ဒရှင်များက ထောက်ခံကြသည်။ ၂၀၀၆ခုနှစ် မေလသမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၇၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒက်ဘီအနိုင်ရပြန်သည်။ အဓိက အတိုက်အခံပါတီများက ရွေးကောက်ပွဲရလဒ်ကို ကန့်ကွက်ကြသည်။ ရွေးကောက်ပွဲကိုလည်း သပိတ်မှောက်ကြသည်။

စုပြုံရောက်ရှိလာ

၂၀၀၆ခုနှစ် ပထမခြောက်လအတွင်းတွင် ဆူဒန်နိုင်ငံဒါဖာဒေသ အာရပ်ဂျန်ဂျာဝီ ပြည်သူ့စစ်များ၏ ပယောဂကြောင့် ထောင်ပေါင်းများစွာသော ဆူဒန်ဒုက္ခသည်များ ချဒ်နိုင်ငံအရှေ့ပိုင်းသို့ စုပြုံရောက်ရှိလာကြသည်။ ထိုနှစ် နိုဝင်ဘာလတွင် လူမျိုးရေး အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် အရှေ့ပိုင်းဒေသကို အရေးပေါ်အခြေအနေ ကြေညာသည်။

၂၀၀၇ခုနှစ် မေလတွင် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များအရေးကို ကိုင်တွယ်ရန် ဆူဒန်နှင့်သဘောတူညီမှုရသည်။ ၂၀၀၇ခုနှစ် ဩဂုတ်လတွင် ပါလီမန်ရွေးကောက်ပွဲကို ၂၀၀၉ခုနှစ်အထိ နှစ်နှစ်ရွှေ့ဆိုင်းထားရန် အစိုးရနှင့် အတိုက်အခံများ သဘောတူထားသည်။

၂၀၀၇ခုနှစ် အောက်တိုဘာလတွင် အရှေ့ဘက်နယ်စပ်တစ်လျှောက်နှင့် မြောက်ပိုင်းတို့တွင် အရေးပေါ်အခြေအနေ ကြေညာသည်။ အရပ်သားများနှင့် ဒါဖာဒုက္ခသည်များအား အကာအကွယ်ပေးရန်နှင့် ထောက်ပံ့ရေးကိစ္စဆောင်ရွက်ရန် ကုလသမဂ္ဂ၏ ခွင့်ပြုချက်ဖြင့် ဥရောပသမဂ္ဂ (အီးယူ) ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့များ ချထားသည်။

၂၀၀၈ခုနှစ်တွင် မြို့တော်အင်ဂျာမီနာသို့ သူပုန်များချဉ်းကပ်လာသည်နှင့် ပြင်သစ်က တပ်ဖွဲ့များ ထပ်မံစေလွှတ်သည်။ မြို့တော်တွင် အစိုးရတပ်များနှင့် သူပုန်များအပြင်းအထန် တိုက်ကြသည်။

ယခုအခါသူပုန်များအား စစ်ရေးအရအပြတ်နှိမ်နင်းရန် သမ္မတဒက်ဘီအနေဖြင့် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။ တိုးချဲ့ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များအနေဖြင့် ယခုနှစ်အောက်တိုဘာလတိုင်အောင် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်မည် မဟုတ်ပေ။ သမ္မတဒက်ဘီမှာ နိုင်ငံတော်စီးပွားရေး မကျဆင်းစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ။

ကိုးကား - အင်တာနက် **တိုး ရေးသားသည်**

ချဒ်သမ္မတနိုင်ငံသည် အာဖရိကတိုက်မြောက်ပိုင်း အလယ်ဗဟို၌တည်ရှိ၊ သဲကန္တာရတစ်ပိုင်းဖြစ်နေသော နယ်ပယ်အများစုကို ပိုင်ဆိုင်ထားသည့် ချဒ်သမ္မတနိုင်ငံသည် ရွှေနှင့်ယူရေနီယံပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်၊ ထို့ပြင်မက မကြာသေးမီကစ၍ ရေနံတင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာ။

မေ ၂၃ ရက်က (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။

(သတင်း - ရှေ့ဖုံး) (သတင်းစဉ်)

မုန်တိုင်း၏ အန္တရာယ်ကျရောက်နိုင်မှုအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားမှုမရှိသေး

နေပြည်တော် မေ ၂၃

(မေ ၂၃ ရက် ညနေ ၄ နာရီခွဲ ထုတ်ပြန်ချက်)

ယနေ့ ညနေ ၄ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်ဘက်သို့ သိသိသာသာရွေ့လျားခဲ့ကာ ပိုမိုအားကောင်းလာပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၃၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး ဆက်လက်အားကောင်းလာကာ နောက် ၇၂နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်သည်။

မုန်တိုင်း၏ အန္တရာယ်ကျရောက်နိုင်မှုအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားမှု မရှိသေးဟု သတ်မှတ်သည်။

မုန်တိုင်း၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၂၄နာရီအတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ ၂၀၀၉ ခုနှစ် မေ ၂၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်အသစ်အဖြစ် ထပ်မံရွေးချယ်ခံရသော ဒေါက်တာ မန်မိုဟန် ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တုပ်ကွေးရောဂါ New Influenza A(H1N1) ကာကွယ်ရေး စနစ်တကျ လိုက်နာဆောင်ရွက်သင့်ကြောင်း ကျန်းမာရေးအရာရှိများ ပြောကြား

➢ တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၃

ကမ္ဘာ့နိုင်ငံအချို့၌ တုပ်ကွေးရောဂါ New Influenza A (H1N1) ဖြစ်ပွားနေသည်ဟူသော သတင်းများ ဖြစ်ပေါ်နေသည်။ ကူးစက်မှုလျင်မြန်သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက အထူးဂရုပြုကာ စစ်ဆေး ကြပ်မတ် အရေးယူဆောင်ရွက်လျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ထို့အတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင်း အဆိုပါတုပ်ကွေးရောဂါ ကူးစက်ဝင်ရောက်မလာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် တုပ်ကွေးရောဂါ New Influenza A (H1N1) ကို မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုမဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေသော ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အသင့်ရှိနေသော သူနာပြုယာဉ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

24-5 (20).pmd 1 5/24/2009, 3:01 AM